


# မအိုစာ

## ချစ်တီးတိုက်


| | | |
|---|---|---|
| ထုတ်ဝေသူ | – | ဦးကျော်ဆန်း (ရဲဘော်ကျော်ဆန်း)<br>(မြဲ–၀၉၃၂) ရဲအောင်စာပေတိုက်<br>အမှတ် (၂)၊ ချွန်းလမ်း (၁)၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | – | ဦးဇေမျိုးဦး (အောင်မြင့်မိုရ်ပုံနှိပ်တိုက်)<br>(၁၂၉၉)၊ အောင်သုခ ၂၇–လမ်း၊<br>၆–ရပ်ကွက်၊ သာကေတ၊ ရန်ကုန်မြို့။ |
| ထုတ်ဝေခြင်း | – | ပထမအကြိမ်<br>၂၀၁၄ ခုနှစ်၊ မေလ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀ ကျပ် |
| ဖြန့်ချိရေး | – | ရွှေမင်းသမီးစာပေ၊<br>ဖုန်း – ၀၉၄၃၀၃၃၁၅၂၊ ၀၁–၄၀၀၆၇၄ |

၈၉၅–၈၃

မအိုစာ

ချစ်တီးတိုက်/မအိုစာ–ရန်ကုန် ။

ရဲအောင်စာပေ၊ ၂၀၁၄

၁၅၂ စာ၊ ၁၃.၂၁ × ၂၀.၈၃ စင်တီ၊

(၁) ချစ်တီးတိုက်

## ထွက်ရှိပြီးစာအုပ်များ


၁။ ခေါ်စာပစ်တဲ့ည
၂။ မလှစုန်းယိုး
၃။ အရှင်လတ်လတ်
၄။ ကနားစီးဒေဝါ
၅။ ခေါင်းတလားရာဇာ
၆။ နတ်ကဝေမယ်
၇။ ချည်ထောင်ကတော်နတ်
၈။ ပုဏ္ဏပျံစံအိမ်
၉။ ခုတင်နံပါတ် ၃၁
၁၀။ ဘုံစာကျွေးတဲ့နေ့
၁၁။ နတ်ကျားဝိညာဉ်
၁၂။ မာတင်
၁၃။ ဘီလူးနက္ခတ်
၁၄။ မိုးကြိုးအလှောင်း
၁၅။ နှစ်ဘဝရွှေသိုက်
၁၆။ မိုးနတ်ဒေဝီ
၁၇။ ကျိန်
၁၈။ မရဏစာရွက်
၁၉။ မိစ္ဆာအိုး
၂၀။ လေးကျွန်းမှော်
၂၁။ ရဲမက်တစ္ဆေ

၂၂။ ရွှေတောင်ရှာသူ မချမ်းသာ
၂၃။ ပတ္တမြားဝိညာဉ်
၂၄။ မိမိလေး
၂၅။ နှစ်တစ်ရာဂူသချိုင်း
၂၆။ နတ်ကိုးကြိမ်
၂၇။ ဝိညာဉ်မှတ်တမ်း
၂၈။ ရွှေမျက်နှာရှင်သခင်မ
၂၉။ အလောင်းကောင်
၃၀။ မီးစုန်း
၃၁။ အဆောင် ၈
၃၂။ ကျမ်းရူး
၃၃။ ဟိုင်းဝေးတစ္ဆေ
၃၄။ သွေးစုပ်သူယောင်မယ်
၃၅။ အမေကိုစားတဲ့သမီး
၃၆။ အောက်လမ်း (ပထမပိုင်း)
၃၇။ အောက်လမ်း (ဒုတိယပိုင်း)
၃၈။ စုန်းတောက်တဲ့ . . . ည

ယခု

**ချစ်တီးတိုက်**

# အပိုင်း (၁)

(လွန်ခဲ့သော ၁၅ နှစ်ကျော်ကာလခန့်)

ရန်ကုန်မြို့ရဲ့ ရပ်ကွက်တစ်ခုဟာ နံနက်ခင်းရဲ့ နေရောင်အောက် တိတ်ဆိတ်ငြိမ်သက်နေရှာတယ်။

တန်းလျားတစ်ခုရဲ့အလယ်ရှိ အခန်းတွင်းမှာတော့ အဘွားကြီးတစ်ယောက်ဟာ တန်းစီထောင်ထားတဲ့ ခြင်ထောင်

ကြိုးတွေကို ဆွဲဖြုတ်လိုက်ရင်း ...

"ထကြ ... ထကြတော့ဟေ့၊

မိုးလင်းနေပြီ ... ထကြစမ်း"

လို့ ဆော်ဩလိုက်တယ်။

အဘွားကြီးက ခြင်ထောင်ကြိုးတစ်စကို ဆွဲဖြုတ်ရင်း ခြင်ထောင်ကို ဆွဲလှန်လိုက်တယ်။

"ဟဲ့ ... မိချမ်း ... ထတော့လေ၊

နင် ကျူရှင်သွားရမှာ မဟုတ်လား၊

ဒီနေ့ သင်္ချာဖြေရမယ့်နေ့ဆို ...

ထတော့ ... ထ ... ထ"

အဘွားကြီးက ဆယ့်နှစ်နှစ်အရွယ် ကောင်မလေးရဲ့တင်ပါးကို ခြေထောက်နဲ့ တို့ပြီး နှိုးလိုက်တယ်။

"အာ ... ဘွားဘွားကြီးကလည်း ...

အစောကြီး ရှိသေးတဲ့ဟာ ...

မိချမ်း ... အိပ်ချင်သေးတယ်"

ကောင်မလေးက ခေါင်းအုံးကို ခွရင်း ဆက်အိပ်နေတယ်။

ဒီအချိန်မှာပဲ အဘွားကြီးရဲ့လက်သံက ကောင်မလေးရဲ့ကျောကို ဖျန်းခနဲ မြည်သွားပြီး ...

"ထ,လို့ ပြောနေတယ်၊

နင်က သချာ်ဆို ဘယ်တော့မှ

ဘဲဥကွဲတာ မဟုတ်ဘူး၊

ဒီလပတ် စာမေးပွဲကျလို့ကတော့ ...

နင့်အဖေအမေတွေဆီ လှမ်းတိုင်လိုက်မယ်

ဘာမှတ်သလဲ ...

ထဆို ထစမ်း"

လို့ ခြိမ်းခြောက်လိုက်တယ်။

ဒီအခါမှ ကောင်မလေးဟာ စိတ်ရှုပ်ဟန်နဲ့ ခေါင်းကိုကုတ်ဖွလိုက်ရင်း လူးလဲထ,လိုက်တယ်။

မိဘနှစ်ပါးလုံး နိုင်ငံခြားမှာ သွားအလုပ်လုပ်နေတဲ့

အတွက် အဘွားအိမ်မှာ အဒေါ်တွေနဲ့ နေနေရသည် မဟုတ်ပါ သား။

တကယ်တော့ သူမ ဒီအဘွားအိမ်မှာ မနေချင်ပေ။

ကားလမ်းကူးလိုက်တာနဲ့ ရောက်သွားသည့် အဖေ့ဘက်က အဘွားအိမ်မှာပဲ နေချင်တာ။

မိခင်ရဲ့တစ်ချက်လွှတ်အမိန့်ကြောင့်သာ ဒီအိမ်မှာ နေရခြင်းသာ။

ဒီအဘွားက မျက်နှာကြောတင်းပြီး သူမကို အလိုမလိုက်ခြင်းကြောင့် သူမ လုံးဝမနေချင်ပေ။

ဒါပေမဲ့ ... လစ်ရင်လစ်သလို ဟိုဘက်အဘွားအိမ် ပြေးပြီး စားသောက် မုန့်ဖိုးတောင်းတတ်တာလည်း သူမရဲ့အကျင့်။

မိချမ်းတစ်ယောက် မကျေမနပ်စိတ်နဲ့ပဲ မျက်နှာသစ်လိုက်ရတယ်။

သနပ်ခါးလိမ်း၊ အဝတ်အစားလဲပြီး လွယ်အိတ်ကို ကောက်လွယ်ရင်း ...

"ပေး ... မုန့်ဖိုး"

လို့ အဘွားရှေ့ လက်ဖြန့်တောင်းလိုက်တယ်။

အဘွားကြီးက အတွင်းခံအကျီထဲက ငွေတစ်ဆယ်ကို ထုတ်ပေးပြီး ...

"ကျူရှင်ပြီးတာနဲ့ ကျောင်းကို

တန်းသွားနော်၊ သစ်လုံးတွေပေါ်တက်ပြီး

ဆော့မနေနဲ့၊ ကျောင်းက ပြန်လာတာနဲ့

အကျီတွေပေကျံလာရင် နင် မလွယ်ဘူး"

မိချမ်းက မျက်နှာကို ရှုံ့မဲ့လိုက်တယ်။

"ဟွန်း ... အကျီပေလည်း

ကိုယ့်ဟာကိုယ် လျှော်ရတာပဲ၊

အဘွားလျှော်ရတာမှ မဟုတ်တာ"

"ဟဲ့ ... နင်ဟာ ...

သိပ်ဆိုးတဲ့ ကလေးပါလား၊

လူကြီးကို ခံပြောနေတယ်၊

အခု မိုးတွင်းဟဲ့ ... သစ်လုံးပေါ်တက်ဆော့ပြီး

ချော်ချက်ကျရင် ငါ့သမီးက ငါ့ အပြစ်ပြောမှာ၊

သွား ... သွား ... မြန်မြန်သွားတော့"

မိချမ်းဟာ ဆောင့်ကြီးအောင့်ကြီးအမူအရာနဲ့ အဘွား ကြီးဆီက ပိုက်ဆံကို လှမ်းယူလိုက်တယ်။

ပြီးတော့ ဖိနပ်စီးပြီး အိမ်တံခါးကို ဆွဲဖွင့်လိုက်တယ်။

'ဝုန်း ... အုန်း ... အုန်း ... ဒုန်း ...'

တန်းလျားတစ်ခုလုံး တုန်ခါသွားပြီး ကြားလိုက်ရတဲ့ အသံကြီးကြောင့် မိချမ်းတစ်ယောက် အရမ်းကြောက်သွားသလို အဘွားကြီးလည်း ...

"ဟဲ့ ... ဟဲ ... မြတ်စွာဘုရား"

လို့ အထိတ်တလန့် ရေရွတ်လိုက်တယ်။

ခြင်ထောင်အသီးသီးရှိ အဒေါ်သုံးယောက်လုံး ခုန်ထွက် လာပြီး ...

"ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ၊

# အပိုင်း (၂)

“ဟာ ... ချစ်တီးတိုက်ကြီး ပြိုသွားပြီဟေ့၊

လုပ်ကြပါဦးကွ ... ကယ်ကြပါဦး”

ဆိုတဲ့အသံတွေက လမ်းမတစ်လျှောက်လုံး ကျယ်လောင်စွာ ထွက်ပေါ်သွားတယ်။

ယောကျ်ားအများစုနဲ့ မိန်းမတချို့ဟာ ချစ်တီးတိုက်ရှိ ရာ အသည်းအသန် ပြေးလွှားသွားကုန်ကြတယ်။

ရပ်ကွက်ရှိလူများရဲ့ သတင်းပေးမှုကြောင့် ချက်ချင်းဆို သလို ကြက်ခြေနီနဲ့ အရန်မီးသတ်တပ်ဖွဲ့တွေ ရောက်ရှိလာကြ တယ်။

ထိုအချိန် တန်းလျားအတွင်းမှာတော့ ...

"အဘွား ... ခရာမှုတ်သံတွေ ကြားနေရတယ်

ချစ်တီးတိုက်ကြီး ပြိုသွားတယ်လို့လည်း

ကြားနေရတယ်၊

မိချမ်း သွားကြည့်ချင်တယ်၊

အဲဒီ ချစ်တီးတိုက်မှာ မိချမ်းရဲ့သူငယ်ချင်းတွေ

ရှိတယ် အဘွားရဲ့"

မိချမ်းရဲ့အပြောကြောင့် အဘွားဖြစ်သူရဲ့မျက်နှာ တင်း သွားတယ်။

သူမရဲ့ခေါင်းကို ခေါက် ... ခနဲ မြည်အောင် ခေါက်

လိုက်ပြီး ...

"နှင် ... သိပ်အကြောရှည်ပါလား မိချမ်း၊

နှင် ဒီနေ့ စာမေးပွဲရှိတာ မမေ့နဲ့၊

တိုက်ပြီတာ နှင်နဲ့ ဘာမှမဆိုင်ဘူး၊

ငါတို့နေတဲ့ တန်းလျား ပြိုသွားတာမဟုတ်ဘူး၊

ကျူရှင်သွားပြီး ဒီနေ့ဖြေမယ့် စာမေးပွဲကို

ရအောင်ဖြေခဲ့၊

ကလေးက ကလေးလိုနေစမ်း၊

သွားတော့ ကျူရှင်ကို"

လို့ ငေါက်ငမ်းလိုက်တယ်။

အဘွားဖြစ်သူရဲ့စကားကြောင့် မိချမ်းတစ်ယော

မကျေနပ်စိတ်နဲ့ပဲ သစ်သားလှေကားလေးအတိုင်း ဆင်းသွား

တယ်။

သူမ သွားရမယ့် ကျူရှင်က ချစ်တီးနေတဲ့ နံဘေးမှာ

တဲ့ ရထားလမ်းအတိုင်း လျှောက်သွားရမှာ။

ကျူရှင်နောက်ကျလို့ စာမေးပွဲမဖြေနိုင်တာက အရေးမကြီးဘူး။

ချစ်တီးတိုက်ရှေ့က ဖြတ်လျှောက်ရမယ့်အရေး တွေးမိပြီး သူမ စိတ်လှုပ်ရှားသွားမိတယ်။

ဘာကြောင့်လဲဆိုတော့ ချစ်တီးတိုက်မှာ နေထိုင်တဲ့ သူမရဲ့သူငယ်ချင်းများဖြစ်တဲ့ ရွှတ်ကီးတို့၊ အမီနာတို့၊ ဘီဂျေးတို့ ရှိသည်မဟုတ်ပါလား။

၎င်းတို့က သူမရဲ့ ကုန်းလားရေလားဆိုတဲ့ ကစားနည်းနဲ့ ကစားဖက်ဖြစ်ကြသလို သံတွေတင်တဲ့ ဒေါဂျမ်းကားကြီးပေါ်မှာ ညအချိန် ရုပ်ရှင်ဇာတ်တမ်း၊ ကခုန်တမ်း ကစားကြတဲ့ သူငယ်ချင်းများ ဖြစ်နေခြင်းကြောင့်ပင်။

သူမ ကျောပိုးအိတ်ကို လွယ်ပိုးရင်း ချစ်တီးတိုက်ဘက်ရှိရာ လျှောက်ခဲ့မိတယ်။

ချစ်တီးတိုက်နားရောက်တော့ တားဆီးထားတဲ့ စာတန်းအနီကြီးနဲ့အတူ ယူနီဖောင်းဝတ်လူကြီးတစ်ဦးက ...

"ဒီနေရာက ဖြတ်လို့မရဘူး ကလေးမ၊
တခြားလမ်းက သွားပါ"
ဆိုတဲ့ တားဆီးခြင်းကို ခံလိုက်ရတယ်။
သူမ ကျောပိုးအိတ်ရဲ့ကြိုးကို ဆုပ်ကိုင်ရင်း ရင်ကော့
လိုက်တယ်။
"ဒီမယ် ဦးလေး ... ဦးလေးက ဝတ္တရားအရ
တားဆီးသလို၊ ကျွန်မကလည်း ဝတ္တရားအရ
ကျောင်းသားတာဝန်ရှိတယ်၊
ဒီနေ့ ... လပတ်စာမေးပွဲဖြေရမှာ၊
ကျူရှင်က ဒီလမ်းက မသွားရင်
ဘယ်လမ်းကမှ သွားစရာမရှိဘူး၊
ဒီလမ်းက မဖြတ်ရလို့ ကျူရှင်မသွားနိုင်ရင်
ကျွန်မ စာမေးပွဲဖြေနိုင်မှာ မဟုတ်ဘူး၊
သားသမီးချင်း စာနာပါ ... သွားခွင့်ပြုပါ"
လေသံမာမာနှင့် ပြောလိုက်တဲ့ သူမစကားကြောင့် တာ

နံရှိလူကြီးဟာ တွေခနဲ ဖြစ်သွားတယ်။

ပြီးမှ သက်ပြင်းချရင်း ကားဆီးထားတဲ့ သူ့လက်ကို ရုပ်သိမ်းလိုက်တယ်။

သူမ စိတ်ထဲ ကျိတ်ပျော်သွားမိတယ်။

ချစ်တီးတိုက်ကြီးရဲ့ရှေ့က ဖြတ်ရင်း အခြေအနေကို သုံးသပ်နိုင်လေတော့မည်။

သူမ ခပ်တည်တည်နဲ့ လူကြီးရှေ့က ဖြတ်လျှောက်ခဲ့တယ်။

ချစ်တီးတိုက်ကြီးရဲ့ရှေ့ရောက်တော့ လူတွေရဲ့ အော်ဟစ်ငိုကြွေးသံတွေနဲ့အတူ တစ်စစီ ကျိုးကြေပျက်စီးနေတဲ့ အခန်းလာမြင်ကွင်းကို တွေ့မြင်လိုက်တယ်။

တိုက်ပျက်ကြီးရဲ့အုတ်ပုံတွေကြားက သွေးသံတရဲရဲ မြင်ကွင်းတွေနဲ့အတူ အကူအညီတောင်းခံနေတဲ့ အသံတွေကိုပါ နားနဲ့မဆုံအောင် ကြားလိုက်ရတယ်။

သူမရင်ထဲ စိတ်မကောင်းခြင်းနဲ့အတူ ထိုတိုက်အိုကြီးမှာ

နထိုင်တဲ့ သူငယ်ချင်းတွေကို တွေ့လိုတွေ့ငြား မျက်လုံးဝေ့ပြီး ၁လိုက်မိတယ်။

ဒါပေမဲ့ ... သူငယ်ချင်းတွေရဲ့ အရိပ်အယောင် လုံးဝ တွေ့ရတဲ့အတွက် သူမ ခြေစုံရပ်ရင်း မျက်ရည်ရစ်ဝဲတက်လာ ၁ယ်။

"ဒီနေရာက တားမြစ်နယ်မြေဖြစ်သွားပြီ

ကလေးမ၊

မင်း ... ဘာရပ်လုပ်နေတာလဲ"

အသံကြောင့် သူမ မော်ကြည့်မိတဲ့အခါ ယူနီဖောင်းဝတ် းနောက်ထပ်လူကြီးတစ်ဦးကို တွေ့ရပြန်တယ်။

သူမ မျက်ရည်စတွေကို ပုတ်ထုတ်လိုက်ရင်း ...

"ကျွန်မ ... ကျူးရှင်သွားမလို့ပါ၊

တိုက်ပြိုတာကို မမြင်ဖူးလို့ ရပ်ကြည့်မိတာ

အမှားလား၊

ဒါဆို မကြည့်တော့ဘူး၊

သွားတော့မယ်"

လို့ ပြောပြီး ချစ်တီးတိုက်ပြိုတဲ့ ရှေ့ကနေ လေးကန်တဲ့ ခြေလှမ်းနဲ့ ထွက်ခဲ့မိတော့တယ်။

□□□

# အပိုင်း (၃)

မိချမ်းတစ်ယောက် . . . ကျောင်းရောက်လို့

ခုံမှာထိုင်မိစဉ်မှာပင် ...

သူမအနားကို အတန်းဖော်သူငယ်ချင်းတွေ စုပြုံရောက်

လာပြီး ...

"ဟဲ့ ... မိချမ်း ...

နင်တို့ရပ်ကွက်မှာ တိုက်အိုကြီး ပြိုလို့ဆို၊

ဘာတွေဖြစ်သွားလဲ၊

လူတွေအများကြီး သေသလားဟ"

လို့ ဝိုင်းမေးကြကုန်တယ်။

မိချမ်းဟာ ချစ်တီးတိုက်အိုကြီးမှာ နေထိုင်တဲ့ သူငယ်ချင်းတွေအတွက် ယူကျုံးမရစိတ်နဲ့အတူ မခံမရပ်နိုင်စိတ်နဲ့ ...

"ဟုတ်တယ်၊ ငါတို့ရပ်ကွက်မှာ

တိုက်အိုကြီး ပြိုသွားတယ်၊

ဒါ ... ဘာဖြစ်လဲ ငါ ဘာမှမသိဘူး၊

နင်တို့ သိပ်သိချင်ရင် ...

သတင်းထောက်တွေ သွားမေးကြ၊

ငါ ဘာမှမသိဘူး"

လို့ ဖွတ်ငြင်းလွှတ်လိုက်တယ်။

ဒီအချိန်မှာပဲ ကျောင်းတက်ခေါင်းလောင်းထိုးလိုက်တဲ့

အတွက် သင်္ချာကို တာဝန်ယူထားတဲ့ အတန်းပိုင်ဆရာမ ရောက်ရှိလာတယ်။

ဆရာမက မေးခွန်းတွေကို ဝေရင်း စာမေးပွဲကို စတင်တော့တယ်။

ကျောင်းသူကျောင်းသားအားလုံး ငြိမ်သက်သွားသလို မိချမ်းကိုယ်တိုင် စိတ်နှစ်ပြီး မေးခွန်းကို ဖတ်လိုက်မိတယ်။

မေးခွန်းက သူမ ကျက်မှတ်လေ့လာထားသမျှ ဘာမှ မပါဘူး။

ဒါပေမဲ့ ... ချစ်တီးတိုက်အိုကြီးက သူငယ်ချင်းတွေဆီ စိတ်နဲ့အတူ မေးခွန်းတွေကို စိတ်ကူးတည့်ရာ ရေးပြလိုက်တော့တယ်။

တစ်ချိန်ကုန်တဲ့ ခေါင်းလောင်းထိုးသံကြောင့် ...

သင်္ချာဆရာမဟာ အဖြေလွှာတွေကို လိုက်လံသိမ်းဆည်းလိုက်တယ်။

ဒီအချိန်မှာပဲ မိချမ်းရဲ့ဘေးခုံရှိ သူငယ်ချင်းမက ...

"ဟဲ့ ... နင် ဖြေနိုင်ရဲ့လား၊

သင်္ချာမေးခွန်းတွေက လှည့်ထားတယ်နော်၊

ငါတော့ အောင်မှတ်ရရင်

ကံကောင်းပဲ"

လို့ ပြောလာတယ်။

"ငါလည်း မသိဘူးဟာ၊

မေးခွန်းအားလုံးကို မှန်းဖြေလိုက်တာပဲ၊

ငါက သင်္ချာမှာ ...

ဘယ်တော့မှ ဓိးရိုးကွဲတဲ့လူမှ

မဟုတ်တာ၊

ရီပို့ကတ်ဒ်ထွက်လာရင် အဘွားရိုက်တဲ့ဒဏ်

ငါ ခံရဦးမှာပဲဟ"

သူမ ထိုသို့ပြောနေစဉ်မှာပဲ နောက်ဘာသာရပ်အတွက်

မြန်မာစာဆရာမ ဝင်လာတယ်။

ဆရာမကို ထ,နှုတ်ဆက်ပြီး ဆရာမ,ပြောတဲ့စာတွေအား

လုံး မိချမ်း ခေါင်းထဲမဝင်ဘူး။

သူမအာရုံထဲ သွေးသံတရဲရဲ အော်ဟစ်နေရှာတဲ့ ချစ်တီးကိုက်အိုကြီးက ...

အော်ဟစ်ညည်းတွားသံတွေသာ ကြားယောင်နေမိဘယ်။

ဒီအချိန်မှာပဲ သူမ စားပွဲပေါ် ကြိမ်လုံးသံ 'ဖျန်း' ခနဲကျလာပြီး ...

"ဟဲ့ မိချမ်း ... ဆရာမ စာသင်နေတာ

နင် စိတ်မဝင်စားဘူးလား၊

ငါ အခု ဘာသင်နေသလဲ ... ပြောစမ်း"

ဆိုတဲ့ မြန်မာစာဆရာမရဲ့အသံကြောင့် သူမ လန့်ဖျပ်သွားမိတယ်။

မိချမ်းတစ်ယောက် ထိုင်ရက ထရင်း လက်ပိုက်လိုက်ပြီး ...

"ဟို ... ဟို ... သမီး ...

မသိပါဘူး ဆရာမ၊

ဘာသင်နေသလဲဆိုတာ ...

ဆရာမပဲ ပြောပြပါနော်"

လို့ ကယောင်ကတမ်း ပြောလိုက်မိတယ်။

ဆရာမရဲ့မျက်နှာ အကြီးအကျယ် ပျက်သွားပြီး ...

"ဘာ ... ငါ ဘာသင်နေသလဲဆိုတာတောင်

နင်မသိဘူး ... ဟုတ်လား၊

ထွက်စမ်း ... ခုချက်ချင်း အတန်းရှေ့ ထွက်ခဲ့"

ဆိုတဲ့ ကျယ်လောင်တဲ့ ဒေါသသံကြီးကို ကြားလိုက်ရတယ်။

မိချမ်းဟာ ကတုန်ကယင်အမူအရာနဲ့ အတန်းရှေ့ထွက်လိုက်စဉ်မှာပဲ မြန်မာစာဆရာမရဲ့ထားဝယ်ကြိမ်လုံးကြီးက သူမ,ကျောပေါ် ဖျန်းခနဲ ကျလာတော့တယ်။

သူမ ကြိမ်ဒဏ်ကြောင့် မျက်ရည်ရစ်ဝဲရင်း ...

"ကြောက်ပါပြီ ဆရာမရဲ့ ...

နောက် မဖြစ်စေရပါဘူး၊

နောက် မဖြစ်စေရပါဘူးရှင်”

လို့ အထပ်ထပ် အော်ဟစ်လိုက်မိတော့တယ်။

□□□

# အပိုင်း (၄)

**ကျောင်းဘဲပြန်** ကျူရှင်သွားပြီးချိန်မှာတော့ ည

နေခင်းနာရီရှိနေပြီ။

မိချမ်းဟာ ဗိုက်ဆာတဲ့စိတ်နဲ့ ကျောပိုးအိတ်ကိုလွယ်ရင်း

ခြံကို ခပ်သုတ်သုတ်လျှောက်ခဲ့တယ်။

ရထားသံလမ်းနံဘေးရှိ တိုက်အိုကြီးပြိုကျတဲ့နေရာ

ရောက်တော့ သူမ ခြေလှမ်းတုံ့သွားတယ်။

ထိုနေရာမှာ တားမြစ်နယ်မြေ ... ဆိုတဲ့ စာတန်းကြီး

ချိတ်ဆွဲထားသလို ကယ်ဆယ်ရေးအဖွဲ့တွေ ရှိနေသေးကြောင်း

ပါ သိလိုက်ရတယ်။

သူမဟာ ကားလမ်းပေါ်ကနေပဲ တိုက်အိုကြီးရှေ့က

ဖြတ်လျှောက်ခဲ့တယ်။

တိုက်အိုကြီးရဲ့အလယ်ရောက်တော့ သူမရဲ့ဖိနပ်အောက်

မှာ တစ်ခုခုခံနေသလို ခံစားလိုက်ရတယ်။

သူမ ငုံ့ကြည့်လိုက်ရင်း ထိုအရာကို ကောက်ယူလိုက်

တယ်။

ကားမီးရောင်အောက် အရောင်လက်နေတဲ့ အစိမ်းရော

ဖန်ဂေါ်လီလေးတစ်လုံး ...

"ဟင် ... ဒါ ... ဒါ ရွှတ်ကီးတို့နဲ့

ငါ ကစားနေကျ ဖန်ဂေါ်လီလေးပါလား၊

ဒါလေးကိုမြင်မှ သူတို့ကို

ပိုသတိရမိတယ်၊

သူတို့ ဘာမှမဖြစ်ကြပါနဲ့လို့

ငါ ဆုတောင်းရတော့မှာပဲ"

အတွေးနဲ့အတူ သူမက ခေါင်းငိုက်စိုက်အမူအရာနဲ့ အိမ်ဘန်းလျှားလေးဆီ လျှောက်ခဲ့မိတယ်။

တန်းလျားရဲ့သစ်သားလှေကားအတိုင်းတက်ပြီး အိမ်ဘံခါးဖွင့်လိုက်စဉ်မှာပဲ အဘွားနဲ့အဒေါ်တို့ရဲ့အသံတွေကို ကြားလိုက်ရတယ်။

"ကြမ္မာငင်တယ်လို့ပဲ ပြောရမလား၊

သူတို့ရဲ့ပေါ့လျော့မှုလို့ပဲ ပြောရမလားပဲအေ၊

သက်ဆိုင်ရာက ချစ်တီးတိုက်ကို

နို့တစ်ပေးထားပြီးပြီ၊

ဒါကို ခေါင်းမာပြီး အသနားခံစာ

တင်ကြတာလေ၊

သနားခံစာတင်လို့ ရက်ပိုင်းပဲရှိသေးတယ်
အခု ကိုယ်ကျိုးနည်းပြီမဟုတ်လား၊
တကယ်ဆို အန္တရာယ်ရှိတဲ့
အဆောက်အအုံမို့လို့ သက်ဆိုင်ရာက
သတိပေးခဲ့တာ၊ ဖယ်ခိုင်းခဲ့တာ၊
ပြီးရင်လည်း ... သူတို့ကို
နေစရာတိုက်ခန်း ပြန်ပေးဦးမှာပဲ၊
ဒါကို ခေါင်းမာကြတယ်၊ ခုတော့ ...
သူတို့ရဲ့ခေါင်းမာမှုကြောင့်
အသက်တွေ ဆုံးကြရပြီ၊
ဘယ်လောက် ကြမ္မာငင်လိုက်ကြသလဲ၊
ညမြင် မနက်ပျောက်ဖြစ်ပြီး
အစိမ်းသေ သေကြကုန်ပြီလေ၊
လောကရဲ့မမြဲခြင်း၊ အစိုးမရခြင်းဆိုတဲ့တရားက
ဒီသဘောပဲ ဖြစ်လိမ့်မယ်အော့”

ဘွားအေကြီးရဲ့စကားကို အဒေါ်ငယ်က ဝင်ပြီး ...

"ဒါဆို ... တိုက်အိုကြီးမှာ နေတဲ့သူအားလုံး

တိုက်ပြိုချိန်မှာ လုံးဝအသက်မရှင်ကြဘူးလား

အမေ"

လို့ မေးလိုက်တဲ့အခါ ...

"ငါလည်း နေ့လယ်က တို့တန်းလျားကို

ဖျက်သိမ်းပြီး တိုက်ဆောက်ဖို့ကိစ္စ

ကောင်စီရုံးမှာ အစည်းအဝေးခေါ်လို့

သိခဲ့ရတာ၊ ဥက္ကဋ္ဌပြောပြတာလေ၊

ချစ်တီးတိုက်ကြီး ပြိုပြီးတဲ့အခါ ...

တိုက်မှာရှိတဲ့ လူကြီးကလေးအားလုံးဟာ

တိုက်ပိပြီး သေဆုံးသွားကြတယ်၊

ဒဏ်ရာရတဲ့လူတောင် လုံးဝမရှိဘူးတဲ့၊

အားလုံး ပွဲချင်းပြီးပဲ၊

အဲ ... ဒါပေမဲ့ ...

အပြင်ကိုရောက်နေတဲ့လူတွေ ...

ခရီးသွားနေတဲ့လူတွေတော့ ...

အသက်ရှင်လိမ့်မယ်တဲ့၊

တိုက်အိုကြီးပြိုတဲ့ကိစ္စရဲ့ လူဦးရေစစ်တမ်းကို

လူကြီးတွေအားလုံး အမြန်လုပ်ဖို့

စီစဉ်နေတယ်တဲ့၊ ခုချိန်ထိတော့...

ကယ်ဆယ်ရေးလုပ်လို့ မပြီးသေးဘူးဆိုပဲအေ့"

အဘွားကြီးရဲ့စကားကို အဒေါ်လတ်က ...

"အဲဒီချစ်တီးတိုက်မှာ အမေ့မြေး

သွားသွားဆော့ခဲ့တာနော်၊

မိချမ်းသူငယ်ချင်းတွေ ရှိနေတယ်၊

မိချမ်းသိရင် စိတ်ကောင်းမှာ မဟုတ်ဘူး

အမေ"

အဘွားအိုက သက်ပြင်းချရင်း ...

"ဒီကိစ္စက ဘယ်သူမှ ကြိုတင်ကြံစည်ထားတဲ့

ကိစ္စမဟုတ်ဘူး၊

အလိုအလျောက်ဖြစ်သွားတဲ့ ကံကြမ္မာဆိုးပဲအေ့၊

ချစ်တီးတိုက်ကြီးမှာ နေထိုင်တဲ့ လူအားလုံးရဲ့

ဆိုးရွားတဲ့ကြမ္မာဟာ တစ်ချိန်တည်း၊

တစ်နေရာတည်းမှာ ထူးဆန်းစွာ

တိုက်ဆိုင်ခဲ့လို့ ဒီအဖြစ်ကြုံရတာပဲကွဲ့"

လို့ ပြောလိုက်တော့တယ်။

"ဒါ ... ဒါပေမဲ့ ... အမေရဲ့

သမီးတို့အိမ်နဲ့ ချစ်တီးတိုက်ကြီးက

သိပ်နီးနေတာလေ၊

သမီးတို့နဲ့ အနီးဆုံးမှာ အစိမ်းသေတွေ

ပလူပျံအောင် ရှိနေတဲ့အတွက်

သမီး သိပ်ကို စိတ်ချောက်ချားမိတယ်၊

ကြောက်စရာကြီး အမေရယ်၊

ဒီကနေ ပြောင်းရင် ကောင်းမယ်နော်"

အဒေါ်အကြီးဆုံးရဲ့စကားကြောင့် ဘွားအေကြီးက သူ့ကို မျက်မှောင်ကြုတ်ကြည့်လိုက်တယ်။

ဘွားအေကြီးက အဒေါ်အကြီးဆုံးကို အံကြိတ်ကြည့်လိုက်ရင်း ...

"ဒီမယ် မိဥမ္မာ ... ဒီအခန်းက
ငါ့ရဲ့ ချွေးနဲ့စာနဲ့ ဝယ်ထားတာ၊
ငါ ဒီအခန်းက ဘယ်ကိုမှ
ပြောင်းရွှေ့ဖို့ ဆန္ဒမရှိဘူး၊
ညည်း မနေချင်ရင်
အချိန်မရွေး ထွက်သွားလိုက်၊
ဒီတန်းလျားမှာရှိတဲ့ ဒီအခန်းက
ငါ့ရဲ့အိမ် ဖြစ်သလို၊
ကားလမ်းတစ်ဖက်မှာလည်း ...
ငါ့ရဲ့ကိုယ်ပိုင် မူလီဆိုင်ရှိနေတယ်၊
ငါ့စီးပွားကို နင် ...

# အပိုင်း (၅)

ထိုနေ့ည ...

**တန်းလျားတစ်ခုလုံး** အိပ်မောကျနေစဉ် ...

"ဟဲ့ မိချမ်း ... မိချမ်း ...

ထစမ်း ... ထ ... ထ"

နာမည်ခေါ်ရင်း လှုပ်နှိုးခံလိုက်ရတဲ့အတွက် မိချမ်း နိုး

သွားမိတယ်။

အမှောင်ကြီးထဲ မျက်လုံးကို အားစိုက်ကြည့်လိုက်တော့ သူမကို ပြုံးကြည့်နေတဲ့ ရွှတ်ကီးကို တွေ့လိုက်ရတယ်။

"ဟင် ... ရွှတ်ကီး ... နင် ... နင်
ချစ်တီးတိုက်ကြီး ပြိုသွားတုန်းက
မသေဘူးပေါ့ ... ဟုတ်လား၊
ငါ ဝမ်းသာလိုက်တာဟာ"

"ဟ ... မိချမ်းရ ...
ငါက ဘာလို့သေရမှာလဲဟ၊
ငါ ဘယ်တော့မှ မသေဘူးဟ၊
ငါတို့ ဖန်ဂေါ်လီပစ်တမ်း ဆော့ရအောင်ဟာ"

ရွှတ်ကီးရဲ့စကားကြောင့် သူမဟာ နံဘေးမှာ အိပ်နေတဲ့ အဒေါ်အကြီးဆုံးကို ကြည့်လိုက်မိတယ်။

"ဒါက အိပ်ချိန်ကြီးလေ ရွှတ်ကီးရ၊
ငါ ဆော့လို့ ဘယ်ရမလဲဟ၊

ငါ့အသွားနဲ့အဒေါ်တွေ နိုးသွားရင်
ငါ အဆူခံရမှာဟ၊
ကျောင်းပိတ်ရက်ကျမှ ဆော့မယ်လေဟာ ...
နော်"
သူမအပြောကြောင့် ရွှတ်ကီး မျက်နှာပျက်သွားတယ်။
ပြီးတော့ ခြေထောက်ကို ကြမ်းနဲ့ တဒုန်းဒုန်း ဆောင့်ရင်း
"မသိဘူးဟာ ... ငါ ...
ခုပဲ ဆော့ချင်တယ်၊ ဆော့ချင်တယ်ဟ"
ဒီအချိန်မှာပဲ ...
"ဟဲ့ ... အချိန်မတော်ကြီး
ဘယ်သူလုပ်နေတာလဲ၊
ခြေသံက ပြင်းလှချည်လား၊
မိဥမ္မာ ... မိယာဉ် ...
မိငယ် ... မိချမ်း"
ကျယ်လောင်စွာ ထွက်ပေါ်လာတဲ့ ဘွားအေကြီးအသံ

ကြောင့် မိချမ်း လန့်ဖျပ်သွားပြီး ...

"ငါ တောင်းပန်ပါတယ် ရွှတ်ကီးရယ်၊

နင်ပြန်ပါဟာ ... နော်၊

လာမယ့်ကျောင်းပိတ်ရက်မှ ဆော့ကြမယ်လေ၊

သွား ... သွား ... အမြန်သွားတော့"

လို့ ကမန်းကတန်း နှင်လွှတ်လိုက်တယ်။

ရွှတ်ကီးဆိုတဲ့ ကောင်လေးက မျက်နှာငယ်လေးနဲ့ ထိုင်

ရာကထပြီး မကျေမချမ်း ထွက်သွားတော့တယ်။

"ဟဲ့ ... မိချမ်း ... နင်

ဘယ်သူနဲ့ စကားပြောနေတာလဲဟင်"

အဒေါ်အကြီးဆုံးဥမ္မာရဲ့အသံကြောင့် သူမ လန့်သွား

ရင်း ...

"အာ ... ဒေါ်ကြီးကလည်း

မိချမ်း အိပ်ပျော်နေတာ၊

အဘွားအသံကြားလို့ ယောင်ယမ်းပြီး

ထလိုက်တာပါ၊ လာ ... လာ ...

အဘွားဆီ သွားကြရအောင်”

သူမနဲ့အဒေါ်သုံးယောက်လုံး ကန့်လန့်ကာနောက်မှာ ရှိတဲ့ ခုတင်ကြီးဆီရောက်တဲ့အခါ ဘွားအေကြီးက အားလုံးရဲ့ မျက်နှာကို စိုက်ကြည့်ပြီး ...

“အခုအချိန်က မနက်သုံးနာရီကျော်နေပြီ၊

တန်းလျားတစ်ခုလုံး အိပ်မောကျနေတယ်၊

နင်တို့ထဲက ဘယ်သူလဲ ...

ခြေသံပြင်းပြင်းနင်းပြီး လျှောက်သွားနေတာ၊

ပတ်ဝန်းကျင် အားမနာဘူးလား ...ဟင်၊

ငါတို့တန်းလျားရဲ့အခန်းအားလုံးက

ကြမ်းတွေအားလုံး ဆက်နေတာ၊

ဘယ်သူသောင်းကျန်းနေတာလဲဟင် ...

ပြောကြစမ်း”

လို့ ငေါက်ငမ်းလိုက်တယ်။

အဒေါ်သုံးယောက်လုံး ဘွားအေကြီးကို ကြောက်တဲ့အတွက် သူတို့ အိပ်မောကျနေကြောင်း အသီးသီး ဆင်ခြေပေးကြတယ်။

ဒီအခါ ... ဘွားအေကြီးရဲ့အကြည့်စူးက မိချမ်းပေါ် စုပြုံကျလာတယ်။

သူမ အဆူခံရမှာစိုးတဲ့အတွက် တအားလန့်သွားပြီး ...

"ဒီ ... ဒီလိုရှိပါတယ် အဘွားရယ်၊

မိချမ်းလည်း အိပ်နေတာပါ၊

ဒါပေမဲ့ ... အဘွားပြောသလို

ခြေသံကြောင့် ကြမ်းတွေ တုန်သွားတာ

သတိထားမိလိုက်တယ်၊

ဘေးအခန်းက ဖြစ်မှာပါ အဘွားရဲ့၊

ဒီအခန်းက မဟုတ်တာတော့ သေချာတယ်၊

အဘွားလည်း ဘာမှမတွေးနဲ့၊

ပြန်အိပ်လိုက်ပါ၊

တော်ကြာ အိပ်ရေးမဝလို့ ရင်တုန်ပြီး

ဦးတင်ဆေး စားနေရဦးမယ်၊

မိချမ်းတို့လည်း အိပ်ပြီနော်”

လို့ ပြောလိုက်တဲ့အခါမှ ဘွားအကြီးရဲ့ဒေါသ လျော့

ကျသွားတယ်။

“ကောင်းပြီ ... နင်တို့ ပြန်အိပ်ကြတော့၊

လူကြီးသူမ အိပ်နေရင် ကိုယ်က

သေးပေါက်ချင်ရင်တောင် ခြေသံဖော့နင်းပြီး

သွားရမယ်ဆိုတာ ငါ သင်ပေးပြီးသား၊

သွားကြတော့”

□□□

# အပိုင်း (၆)

ဂလင် ... လင် ... လင် ...

ကျောင်းတက်ဘဲလ်သံကြောင့် ကျောင်းသူကျောင်းသား အားလုံး အခန်းအသီးသီး အလျင်အမြန် ဝင်သွားကြတယ်။

မိချမ်းတစ်ယောက် နေရာမှာ ဝင်ထိုင်ချိန်မှာပဲ သူငယ်

ချင်း အေးမွန် ရောက်လာတယ်။

အေးမွန်က ကျောပိုးအိတ်ကို ခုံထဲ ထိုးထည့်လိုက်ပြီး

"နင် မကြောက်ဘူးလားဟင် မိချမ်း"

လို့ မေးလိုက်တဲ့အတွက် သူမ ကြောင်အမ်းသွားတယ်။

"အင် ... ငါက ဘာကိုကြောက်ရမှာလဲ၊

အတန်းပိုင်ဆရာမကိုလား"

"နင်ဟာလေ အရမ်းထူတာပဲ၊

အတန်းပိုင်ကို မေးတာမဟုတ်ဘူးဟဲ့၊

သရဲတွေ၊ မကောင်းဆိုးဝါးတွေကို"

"မကောင်းဆိုးဝါးတွေ ... ဟုတ်လား၊

အဲဒါ ဘာတွေလဲ ... ငါ မသိဘူး၊

နင်ရော မြင်ဖူးလို့လားဟ"

အေးမွန်က သူမကို နှာခေါင်းရှုံ့ကြည့်ရင်း ...

"ဟဲ့ ... မြင်ဖူးစရာလား၊

ကြားဖူးတာကို မေးတာ၊

နင်တို့နားက တိုက်အိုကြီး ပြိုကျတာလေ၊
လူတွေအားလုံးလည်း သေကုန်တယ်လို့
နာမည်ကြီးနေတယ်၊
ဒါကြောင့် နင့်ကို မကြောက်ဘူးလားလို့
မေးတာဟ၊ သူတို့အားလုံး
မကောင်းဆိုးဝါး ဖြစ်သွားပြီလေဟာ"

အေးမွန်စကားကြောင့် မိချမ်းက သူမကို မျက်လုံးဝိုင်းကြီးတွေနဲ့ ကြည့်လိုက်တယ်။

ပြီးတော့ ... ခေါင်းခါယမ်းလိုက်ရင်း ...
"ချစ်တီးတိုက်ကြီး ပြိုကျတုန်းက
အားလုံး မသေပါဘူးဟဲ့၊
ငါ့သူငယ်ချင်းတွေ မသေဘူး၊
အသက်ရှင်ကြတယ်၊ သေသွားတဲ့လူတွေ
သနားဖို့ကောင်းတယ်ဟ၊ သွေးသံတရဲရဲနဲ့
အော်ဟစ်အကူအညီတောင်းကြတာ၊

အဲဒီ့မနက်က ငါကိုယ်တိုင် တွေ့ရတာ၊

ရဲကြီးတွေ မောင်းထုတ်လို့ ငါတောင်

ကြာကြာမကြည့်လိုက်ရဘူး”

လို့ ပြောလိုက်တဲ့အခါ အေးမွန်က ထပ်မေးဖို့ ပါးစပ်ပြင်လိုက်တယ်။

ဒီအချိန်မှာပဲ အခန်းထဲကို အတန်းပိုင်ဆရာမ ဝင်လာတဲ့အတွက် အားလုံးထိုင်ရာကထပြီး နှုတ်ဆက်လိုက်ကြတယ်။

ဆရာမ စာသင်ချိန်မှာတော့ ဗလာစာအုပ်ရဲ့အလယ်စာရွက်ကို ဆွဲဖြုတ်လိုက်တယ်။

မိချမ်းရဲ့ခြေထောက်ကို ခြေနဲ့ တို့လိုက်ရင်း စာရွက်ပေါ် စာရေးလိုက်တယ်။

မိချမ်းက နားမလည်စွာပဲ စာရွက်ကို လှမ်းကြည့်လိုက်တယ်။

“ဒါဆို ... တိုက်ကြီးပြိုကျပြီးချင်း

နင် အဲဒီရှေ့မှာ ရှိနေတာပေါ့၊

နင် သွားကြည့်တာလား"

ရေးထားတဲ့စာကြောင့် စာရွက်ကို ဆွဲယူပြီး ပြန်ဖြေလိုက်တယ်။

"မဟုတ်ဘူး၊ ငါ ကျူရှင်သွားရင်း
တွေ့လိုက်ရတာဟ"

အေးမွန်ကလည်း စာပြန်ရေးတယ်။

"အေးပါ ... နင်ပြောသလို
သွေးသံရဲရဲနဲ့ဆိုတော့ ခြေပြတ်
လက်ပြတ်တွေ မြင်လိုက်ရသလားဟင်"

"အေး ... အုတ်အပိုင်းအစတွေကြားမှာ
ပိနေကြတာဟဲ့၊
ကြောက်ဖို့တော့ သိပ်ကောင်းတယ်၊
သနားဖို့လည်း ကောင်းတယ်၊
သွေးတွေလည်း အများကြီးပဲဟ၊
ငါဆို ကြည့်ရင်း အန်တောင်အန်ချင်သွားတယ်"

"နှင့်သူငယ်ချင်းတွေ မသေဘူးဆိုတာ

ဖြစ်နိုင်ပါ့မလားဟ၊

ငါ မယုံဘူး"

"ဘာလို့မဖြစ်နိုင်ရမှာလဲ၊ ဟိုနေ့ညကတောင်

ငါ့ဆီ ရောက်လာကြသေးတယ်၊

ငါ့ကို ကစားဖို့ လာခေါ်တာလေ၊

ငါက အဘွားဆူမှာစိုးလို့

ကျောင်းပိတ်ရက်မှ ဆော့မယ်

ပြောလိုက်တယ်"

အေးမွန်က စာရွက်ကို လှမ်းဆွဲလိုက်စဉ်မှာပဲ နားရွက် တစ်ဖက် ပူထူသွားရှာတယ်။

"အား ... နာတယ် ဆရာမရဲ့"

အတန်းပိုင်ဆရာမက သူမတို့နှစ်ဦးကို ဒေါသတကြီး အံကြိတ်ကြည့်ရင်း ...

"နင်တို့ကို ငါ ကြည့်နေတာ ကြာပြီ၊

စာရွက်တစ်ရွက်နဲ့ ဘာတွေအလုပ်ရှုပ်နေကြသလဲ၊

ပြစမ်း ... အဲဒီစာရွက်”

လို့ပြောပြီး စာရွက်ကို ဆတ်ခနဲ ဆွဲယူလိုက်တယ်။

အပြန်အလှန်ရေးထားတဲ့ စာကြောင်းတွေကို အသံထွက်

ဖတ်ကြည့်ရင်း ဆရာမရဲ့မျက်နှာ-ပိုမိုတင်းမာသွားတော့တယ်။

စားပွဲကို လက်နဲ့ ဘုန်းခနဲ ရိုက်လိုက်ရင်း ...

“ပြောကြစမ်း ... နင်တို့ ဒါ ဘာတွေလဲ၊

ဘာတွေအရူးထပြီး လုပ်နေကြတာလဲ ဟင်”

လို့ မျက်လုံးပြူးကြီးနဲ့ အော်မေးလာတယ်။

နှစ်ယောက်သား ဇက်ကလေးပုသွားရှာပြီး ကြောက်ရွံ့

တဲ့ဟန်နဲ့ ...

“ဟို ... ဟို ... တိုက်ပြိုတဲ့အကြောင်း

ဆွေးနွေးနေကြတာပါ ဆရာမ”

လို့ ပြိုင်တူပြောလိုက်မိတယ်။

“ဘာ ... တိုက်ပြိုတဲ့အကြောင်း

ဆွေးနွေးရအောင် နင်တို့က ...

စုံထောက်အရာရှိလား၊ ရဲအရာရှိလား၊

ရပ်ကွက်လူကြီးတွေလား ... ဟင်၊

ဒါ ... ငါ့ကို သက်သက်မဲ့

ပမာမခန့် လုပ်ကြတာ၊

ငါ အတန်းပိုင်ဆရာမ စာသင်နေတာဟဲ့၊

ကိုယ်နဲ့မဆိုင်တာကို ဆွေးနွေးချင်တဲ့

ကလေးတွေ ...

အေး ... ငါ အတန်းပိုင်ကလည်း

နင်တို့ အုပ်ထိန်းသူတွေနဲ့ ဆွေးနွေးရတော့မယ်၊

နှစ်ယောက်လုံး မနက်ဖြန် မိဘခေါ်ခဲ့၊

နောက်တစ်ခါဆို ကျောင်းထုတ်ခံရမယ်၊

ကြပ်ကြပ်သတိထားကြစမ်း”

❒❒❒

# အပိုင်း (၇)

## ဒေါက် . . . ဒေါက် . . . ဒေါက်

ဒေါ်လေးရေ ... မကြီးရေ ... အီး ... ဟီး ... ဟီး

ဒေါက် ... ဒေါက် ... ဒေါက် ...

ကျယ်လောင်တဲ့တံခါးခေါက်သံကြောင့် တီဗီထိုင်ကြည့်

နေတဲ့ သားအမိနှစ်ယောက် မျက်လုံးပြူးသွားကုန်တယ်။

ဒါကြောင့် တံခါးကို အမြန်သွားဖွင့်ကြည့်လိုက်တဲ့အခါ မျက်ရည်တွေ၊ နှပ်တွေ ရောပွမ်းနေတဲ့ မိချမ်းကို တွေ့လိုက်ရတယ်။

"ဟဲ့ ... အို ... ဘယ်လိုဖြစ်လာတာလဲ မိချမ်း၊

လာ ... လာ ... အထဲဝင်စမ်း"

အဒေါ်ဖြစ်သူ မိမိုးက သူမကို အိမ်ထဲဆွဲခေါ်သွားလိုက်တယ်။

မိချမ်းက ကုလားထိုင်မှာ ထိုင်နေတဲ့ ဘွားအေကို ပြေးဖက်လိုက်ရင်း ...

"အီး ... ဟီး ... မေကြီးရေ ...

ဟင့် ... ဟင့်"

လို့ ရှိုက်ကြီးတငင် ငိုကြွေးလိုက်တယ်။

"ဘာဖြစ်လို့ ဒီလောက်ငိုနေသလဲ မိချမ်းရယ်၊

မေကြီး စိတ်ပူလိုက်တာ၊

ဘာလဲ ... ဟိုကောင်မ မြမေက

ငါ့မြေးကို နှိပ်စက်လိုက်သလား၊

ဟင် ... ပြောစမ်း၊

ဒါဆိုရင်တော့ ...

ငါ ချက်ချင်း သွားရှင်းမယ်၊

ခင်သက်တဲ့ တစ်သက်တည်း

ရှိတယ်ဟေ့"

ဖခင်ဘက်က တော်စပ်တဲ့ ဘွားအေကြီးဒေါ်ခင်သက်

ဟာ ထိုင်ရာက ဝုန်း ... ခနဲ ထရပ်လိုက်တယ်။

သမီးဖြစ်သူ မိမိုးက ...

"နေပါဦး အမေရယ် ...

အမေ့မြေးကို အကျိုးအကြောင်း

မေးကြည့်ပါဦး၊

အမေကလေ တစ်ဆိတ်ဆို ဒေါသကြီးပဲ၊

ပြောစမ်း မိချမ်း ... ဟိုဘက်အိမ်မှာ

ဘာဖြစ်ခဲ့သလဲ ...ဟင်"

အဒေါ်ဖြစ်သူရဲ့အပြောကြောင့် မိချမ်းဟာ မျက်ရည်နဲ့နှပ်တွေကို လက်ဝါးနဲ့ ပွတ်သပ်သုတ်လိုက်တယ်။

"ဟိုအိမ်မှာ ဘာမှမဖြစ်ပါဘူး ဒေါ်လေး၊

ဟီး ... ကျောင်းမှာဖြစ်တာ၊

အ ... အတန်းပိုင်ဆရာမကြီးက

မိ ... မိချမ်းကို မိဘခေါ်ခိုင်းလိုက်တယ်"

သူမအပြောကြောင့် ဘွားအေနဲ့အဒေါ်ဟာ မျက်လုံးအစုံပြူးကျယ်သွားကုန်တယ်။

"ဘာ ... ဆရာမ,ခေါ်တယ် ဟုတ်လား၊

ဘာဖြစ်လို့လဲ၊ ကျောင်းမှာ ...

ဘာပြဿနာတက်လို့လဲ မိချမ်း"

"ဟဲ့ မိမိုး ... သူ့အတန်းပိုင်က

သင်္ချာဆရာမ ဒေါ်ရှိန်ကြီး မဟုတ်လား၊

ငါ့မြေးကို ငါ ယုံတယ်၊

ရန်ပုံငွေတို့, ပြိုင်ပွဲတို့အတွက်

မိဘတွေ့ပြီး ငွေကောက်လို့ထင်ပါရဲ့၊

နင် ... မနက် သူ့ကျောင်း

လိုက်သွားပေးလိုက်"

ဘွားအေကြီး ဒေါ်ခင်သက်ရဲ့စကားကြောင့် သူမ အငိုရပ်သွားတယ်။

"ကဲ မိချမ်း ... အတော်လေး

ငိုလိုက်ရတော့ ဗိုက်ချောင်သွားမှာပေါ့၊

လာ ... မေကြီး ကော်ဖီဖျော်တိုက်မယ်၊

ဒါနဲ့ ... ဟိုအိမ်က ဟာတွေကိုရော

ဒီလာမယ် ပြောခဲ့ရဲ့လားကွဲ့"

"ဟင့်အင်း ... မပြောခဲ့ဘူး မေကြီး၊

မေကြီးဆီလာရင် သူတို့က မကြိုက်ဘူးလေ၊

ဒါ့ကြောင့် ... ကျူရှင်ဆရာမကို

ခွင့်တိုင်ပြီး ကျူရှင်မတက်ဘဲ

မေကြီးအိမ်လာတာ၊

မဆူနဲ့နော် မေကြီး"

ဘွားအေကြီးက သူမကို ပြုံးကြည့်ရင်း ...

"အေးပါ ... အေးပါ ... မဆူပါဘူးကွယ်၊

လာ ... မုန့်စားကြမယ်"

လို့ပြောပြီး ထမင်းစားခန်းဘက် ခေါ်သွားတယ်။

သူမလည်း ဘွားအေကြီး ပြင်ပေးတဲ့ ကော်ဖီနဲ့ မုန့်တွေ အငမ်းမရ စားသောက်လိုက်တယ်။

"နေပါဦး မြေးရဲ့ ...

ဟိုဘက်အိမ်မှာရော အဆင်ပြေရဲ့လား"

"ဘယ်ပြေမလဲ မေကြီးရာ၊

သူတို့က သိပ်တင်းကျပ်တယ်၊

မိချမ်းကို သိပ်ခိုင်းသလို ...

မျက်နှာသာလည်း မပေးဘူး၊

ဒီတစ်ခေါက် အဖေနဲ့ ဖုန်းပြောရင်

မေကြီး ပြောပေးပါနော် ...

မိချမ်း မေကြီးတို့အိမ်မှာပဲ နေချင်တယ်၊

နော် မကြီး”

သူမအပြောကြောင့် ဘွားအေကြီးက မျက်နှာရှုံ့မဲ့ပြီး ခေါင်းယမ်းလိုက်တယ်။

“အမယ်လေး ... ဒီစကားကြားရင်

ညည်းအဖေ ငါ့သားကို ဒေါသထွက်တယ်၊

မယားကြောက်ကြီးလေ၊

မြေးဦးမို့လို့ မိချမ်းကို ဒီမှာထားပါ ပြောတာ၊

မယား ခေါင်းယမ်း, မျက်ရိပ်ပြလိုက်တာနဲ့

မဖြစ်နိုင်ဘူး အမေလို့ ပြောခဲ့တာ၊

ပြီးတော့ ...

ဘာတဲ့ ... ငါ့အိမ်မှာနေရင်

မိချမ်း ပျက်စီးမယ်တဲ့လေ၊

မွေးရကျိုးမနပ်တဲ့ကောင်၊

ဒီကိစ္စ ခုထိ ငါ မကျေနပ်ဘူး"

အတိတ်ကို ပြန်သတိရပြီး ပေါက်ကွဲနေတဲ့ ဘွားအေ ကြီးကြောင့် သူမဟာ တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်တယ်။

ခြောက်နာရီခွဲနေတာ တွေ့ရတဲ့အတွက် ဘွားအေကြီးနဲ့ စကားဖြတ်ပြီး နာရီဝက်လောက် ကစားခွင့်ရဖို့ တွေးလိုက်မိ တယ်။

ဒါ့ကြောင့် ...

"မေကြီး ... သမီး ပြန်တော့မယ်၊

ကျူရှင်လွှတ်ချိန်ရောက်နေပြီလေ ...

နော် မေကြီး"

လို့ နှုတ်ဆက်ပြီး တိုက်ပေါ်ကနေ အပြေးတစ်ပိုင်း ပြေး ဆင်းလိုက်တယ်။

နှစ်ဖက်အဘွားအိမ် နှစ်အိမ်လုံးက ကားလမ်းမကြီးတစ် ဖက်ပဲ ခြားတာမို့ သူမဟာ ပလက်ဖောင်းပေါ်ရပ်ရင်း ဘယ်သွား ဆော့ရမလဲ တွေးလိုက်တယ်။

အတွေးပေါက်သည်နှင့်တစ်ပြိုင်နက် ကားလမ်းကို ဖြတ်ကူးလိုက်တယ်။

တန်းလျားရှိ သူမ နေထိုင်ရာအခန်းရဲ့ဝရန်တာကို လှမ်းကြည့်လိုက်တော့ ဘယ်သူမှမရှိတာ သိလိုက်ရတယ်။

ဒါကြောင့် ချစ်တီးတိုက်ပြိုရာသို့ ပြေးသွားလိုက်မိတယ်။

ဒီညတော့ ကယ်ဆယ်ရေးအဖွဲ့တွေ မရှိတော့သလို အုတ်ကျိုးပုံပုံကြီးကိုသာ တွေ့ရတယ်။

ဒါပေမဲ့ ... တားမြစ်နယ်မြေအဖြစ် စာတန်းကြီးက ကာဆီးထားဆဲ။

အရှင်လတ်လတ်ကြီး သေဆုံးသူတွေရှိတဲ့ တိုက်ပြိုရာမို့ ထိုနေရာကို ရပ်ကွက်ခံတွေ ဘယ်သူမှ မဖြတ်ဝံ့ဘူး။

ဒါကြောင့် ချစ်တီးတိုက်ကြီးရဲ့ ပရဝုဏ်မှာ လူသူကင်းရှင်းနေတယ်။

ချစ်တီးတိုက်ကြီးရဲ့ရှေ့မှာရှိတဲ့ ကားလမ်းမမှာတော့

ဖြတ်သွားဖြတ်လာကားက ကျိုးတိုးကျဲတဲ။

သူမ ချစ်တီးတိုက်ပြိုရှိရာသို့ တရွေ့ရွေ့ ချဉ်းကပ်လိုက်တယ်။

'အူး ... အူး ... အူး ...'

သန်းခေါင်မကျော်ဘဲ အူလိုက်တဲ့ ခွေးအူသံကြောင့် မိချမ်းတစ်ယောက် ဘာကြောင့်မှန်းမသိဘဲ ကြက်သီးဖျန်းခနဲ ထ,သွားရတယ်။

"ရွှတ်ကီးရေ ... အမိနာရေ ... ဘီဂျေးရေ ...

ငါ နင်တို့နဲ့ ကစားဖို့ လာနေပြီလေ၊

နင်တို့ ဘယ်မှာလဲဟင်၊

ရွှတ်ကီးရေ ... အမိနာ ... ဘီဂျေး"

မိချမ်းဟာ ထိုသို့အော်ခေါ်ရင်း တားမြစ်စာတန်းကြီး အောက်က လျှိုဝင်ပြီး အကြောက်အရွံ့ကင်းစွာ အုတ်ပုံတွေကြား တက်သွားတယ်။

"ရွှတ်ကီး ... အမိနာ ... ဘီဂျေး ...

ငါ မိချမ်းပါဟ၊ နင်တို့ ဘယ်မှာလဲဟ၊

ငါ အချိန်မရဘူးလေ၊

ဖန်ဂေါလီလိုမ့်တမ်း ကစားကြမယ်ဟ"

ဖြတ်သွားတဲ့ ကားမီးရောင်အောက် သူမရဲ့နောက်ဆီမှ အရိပ်ကြီးတွေကို ရုတ်တရက် တွေ့လိုက်ရတယ်။

သူမ ကြက်သီးအလိုလိုထမိရင်း နောက်ကို ဆတ်ခနဲ လှည့်ကြည့်လိုက်မိတယ်။

တားမြစ်စာတန်းနံဘေး ရပ်နေတဲ့ ရှုတ်ကီး၊ အမိနာခံနဲ့ ဘီရျေး။

ထိုအခါမှ လန့်စိတ်ပြေပြီး ၎င်းတို့ရှိရာ လျှောက်သွားလိုက်တယ်။

"နင်တို့ဟာ ငါ ဒီလောက်ခေါ်တာတောင်

အသံမပေးကြဘူး၊

ငါ့မှာတော့ ရတဲ့အချိန်လေး

နင်တို့နဲ့ ဆော့ဖို့လာခဲ့တာဟ"

ထိုသုံးယောက်က သူမကို ငြိမ်ငြိမ်ကြီးရပ်ရင်း စူးစိုက်ကြည့်နေကြတယ်။

"ဆော့မယ်ဆို လာခဲ့လေ ..
နင် လာခဲ့လေဟာ"

ရွှတ်ကီးရဲ့အသံကြောင့် သူမ မျက်မှောင်ကြုတ်သွားတယ်။

သူတို့ရှိရာ လျှောက်သွားမိရင်း ...
"ဟဲ့ကောင် ရွှတ်ကီး ... နင့်အသံကြီးက
ဘာလို့ ဩနေတာလဲ၊
ပြီးတော့ အသံက လေးလေးကြီး၊
နင် အိပ်ချင်နေတာလား ...
အသံဝင်နေလို့လားဟ"
လို့ မေးလိုက်တယ်။

"အပိုတွေ မပြောနဲ့ ...
ငါတို့ ကစားဖို့ပဲ အရေးကြီးတယ်၊
ဖန်ဂေါ်လီရိုက်တမ်း ဆော့ကြမယ်"

ဘီဂျေးရဲ့အသံကြောင့် သူမ စိတ်တွင်းကနေ ...
"ဟင် ... ဘီဂျေးလည်း အသံဝင်နေပါလား၊
သူတို့ ဘာဖြစ်နေကြပါလိမ့်၊
အို ... ဘာဖြစ်ဖြစ် အရေးမကြီးပါဘူး၊
ငါ့မှာ အိမ်ကို အချိန်နဲ့ ပြန်ရမှာ၊
ကစားဖို့က အဓိကပဲ"
လို့ တွေးလိုက်မိတယ်။

သည့်နောက်မှာတော့ ... မိချမ်း၊ ရွှတ်ကီး၊ အမိနာ
ဘီဂျေးတို့ဟာ ချစ်တီးတိုက်ပြုကြီးရဲ့ရှေ့ ကောင်းစွာ ဆော့
ကစားနေကြတော့တယ်။

မိချမ်းတစ်ယောက် သူငယ်ချင်းသုံးယောက်ကိုကြည့်ပြီး

သူတို့ဆော့တာ ဂေါ်လီပစ်တာ အရမ်းနေ့တယ်။

အသက်မပါသလိုချည်းလို့ ယူဆမိပေမယ့် ဘာမှမပြော ဘဲ ကစားရာမှာသာ အာရုံစိုက်ထားလိုက်တယ်။

ထိုနေ့ည ... ကစားစဉ် ပွဲတိုင်း မိချမ်းတစ်ယောက်သာ ဖျတ်လတ်စွာ ဗိုလ်စွဲလို့လေ။

□□□

# အပိုင်း (၈)

နောက်တစ်နေ့နံနက် ...

ဘုတ်ပြင်ကလေး နှင့် ဆရာမရဲ့ နားနေခန်းအတွင်းဝယ် ...

"ဩော် ... မိချမ်း ... မိဘခေါ်ခဲ့ပါဆို၊

အဒေါ်ကို ခေါ်လာတယ်ပေါ့

ဟုတ်လား ... ဟင်"

အတန်းပိုင်ဆရာမ ဒေါ်ရှိန်ကြီးက မျက်မှန်ကို ပင့်ကြည့်ရင်း မျက်နှာထားကြီးနဲ့ ပြောလိုက်တယ်။

"ဒီလိုပါ တီချာရယ် ...

မိချမ်းရဲ့မိဘတွေက စင်ကာပူမှာပါ၊

တီချာ မယုံရင် ရပ်ကွက်ထဲမှာ

စုံစမ်းကြည့်ပါရှင်၊

မိမိုးတို့ကပဲ သူ့ကို အုပ်ထိန်းပြီး

စောင့်ရှောက်နေတာပါ၊

ဒါကြောင့် ... တီချာခေါ်တယ်ဆိုလို့

သူ့အုပ်ထိန်းသူအနေနဲ့ မိမိုး

လာတွေ့တာပါ"

အခေါ်ဖြစ်သူရဲ့စကားကြောင့် ဆရာမရဲ့မျက်နှာကြော ပြေလျော့သွားတယ်။

"ဒီမယ် မိမိုးရဲ့ ... နင်ဆိုရင်လည်း

ဒီကျောင်းမှာ နေခဲ့သလို

ငါ အတန်းပိုင်လုပ်တဲ့ အခန်းမှာလည်း

နေခဲ့ဖူးတာပဲလေ၊

နင့်တုန်းက နင် သိပ်လိမ္မာသလောက်

နင့်တူမကတော့ ချာတူးလန်အောင်

သိပ်ဆိုးလွန်းတယ်၊

ဘယ်နေရာမှ ကောင်းကွက်မရှိဘူး၊

ဟော့ ... ဒီမှာ ကြည့်စမ်း"

အတန်းပိုင် ဒေါ်ရှိန်ကြီးက အဒေါ်ရှေ့ကို စာရွက်တစ်ရွက် လှမ်းပေးတယ်။

အဒေါ်ဟာ စာရွက်ကို လှမ်းယူဖတ်ရှုရင်း မျက်လုံးပြူးသွားရှာတယ်။

"ဟင် ... ဒါ လပတ်စာမေးပွဲရဲ့

ရီပို့ကတ်ပါလား၊

ဟယ် ... ကြည့်စမ်း ... ဘာသာရပ်အားလုံး

အမှတ်တွေက လေးဆယ်တွေချည်းပဲ၊

သချာက မှင်နီတားပြီး တစ်မှတ်တဲ့”

ဒေါ်လေးရဲ့ အံ့သြရေရွတ်သံကြောင့် အတန်းပိုင်ဆရာ

က ...

“အေး ... အဲဒီ သချာဘာသာရပ်

တစ်မှတ်ရတာကိုပဲ ကျေးဇူးတင်၊

တစ်မှတ်က တခြားကြောင့်ရတာ မဟုတ်ဘူး၊

ခေါင်းစဉ်တပ်ထားလို့ တစ်မှတ်ရသွားတယ်မှတ်၊

နင် စဉ်းစားကြည့်စမ်း မိမိုး ...

ကျောင်းတက်ပြီး ကျောင်းစာလည်း

စိတ်မဝင်စားဘူး၊

လပတ်တွေလည်း ကျတယ်၊

သူက ကျောင်းစာ စိတ်မဝင်စားဘဲ

တခြားဟာတွေ စိတ်ဝင်စားနေတယ်၊

ငါ သူ့ကို ကျောင်းထုတ်ဖို့ကလွဲရင်

ဘာမှ လုပ်မပေးနိုင်တော့ဘူးအေ့”

လို့ ပြောလိုက်တဲ့အခါ ဒေါ်လေးတစ်ယောက် အရမ်းကို ဘုန်လှုပ်သွားတယ်။

"အို ... ဒီ ... ဒီလိုတော့ မလုပ်ပါနဲ့

တီချာရယ်၊ မိမိုးမျက်နှာကို ထောက်ပြီး

ဒီလောက်တော့ မဆုံးဖြတ်ပါနဲ့၊

ပြီးတော့ ... တီချာနဲ့မိမိုးရဲ့အမေကလည်း

ဆွေမျိုးလို သိပ်ခင်နေကြတာပါရှင်၊

ဒါပေမဲ့ တီချာရဲ့ ...

မိမိုး နားမလည်တာက မိချမ်းက

ကျောင်းစာကို စိတ်မဝင်စားဘူးဆိုတာ

ဘာ ... ဘာကိုများ ...

စိတ်ဝင်စားနေလို့ပါလဲ တီချာ၊

စိတ်ပူစရာတွေကိုများ သူ

စိတ်ဝင်စားနေလို့လား တီချာရယ်"

ဒေါ်လေးရဲ့အမေးကြောင့် ...

ဆရာမက သက်ပြင်းချလိုက်တယ်။

ဒေါ်လေးရဲ့မျက်နှာကို စေ့စေ့ကြည့်ရင်း ...

"နင်ဆိုလိုချင်တာက စိတ်ကစားတဲ့ကိစ္စကို

ဆိုချင်တာ မဟုတ်လား၊

အဲလို စိတ်ကစားတဲ့ဟာကမှ

တော်သေးတယ်အေ့၊

ခုဟာက ... ဒီထက်ပိုဆိုးတယ်လေ၊

စာသင်ချိန်မှာ စာကို လုံးဝ ဂရုမစိုက်ဘဲ

ကိုယ်နဲ့မဆိုင်တဲ့ဟာတွေကို စိတ်ဝင်စားနေတာ၊

သူ့ကိုယ်သူ လူတတ်ကြီးလုပ်ပြီး

ရှေ့နေလိုလို၊ ရဲအရာရှိလိုလို၊

ကောင်စီဥက္ကဋ္ဌလိုလို၊

ထောက်လှမ်းရေးအရာရှိမ,လိုလို

လုပ်နေတာဟဲ့"

လို့ ပြောလိုက်တဲ့အခါ ဒေါ်လေးရဲ့မျက်နှာမှာ ပိုမိုအံ့သြ

န်တွေ ဖြတ်သန်းသွားရှာတယ်။

“ဘာ ... ဘယ်လို တီချာ ...

မိမိုး နားမလည်ဘူးရှင့်”

ဆရာမက ခေါင်းလေးရဲ့အနားမှာ ကျုံ့ကျုံ့လေးထိုင်နေ

ဲ့ မိချမ်းကို လက်ညှိုးထိုးရင်း ...

“နင့်တူမ ဘာလုပ်တယ်မှတ်လဲ ...

မနေ့က ငါ စာသင်နေချိန်မှာ

စာလိုက်မမှတ်ဘဲ ...

ဘေးက သူငယ်ချင်းနဲ့

စာအပြန်အလှန်ရေးပြီး

အကြောင်းအရာတစ်ခုကို

အကြိတ်အနယ် ဆွေးနွေးနေကြတယ်၊

ငါက စာရွက်ယူကြည့်တော့

ဒင်းတို့ ဘာလုပ်နေတယ်ထင်သလဲအေ့၊

နင်တို့ရပ်ကွက်ထဲက ပြိုကျခဲ့တဲ့

ချစ်တီးတိုက်ကြီးအကြောင်းကို

နင့်တူမက ဆရာမကြီးလုပ်ပြီး

ဆွေးနွေးနေတာလေ၊

ငါ ဘယ်လောက်

ဒေါ်သထွက်မယ်ထင်သလဲ၊

ဒါ့ကြောင့် ... မိဘခေါ်ခိုင်းလိုက်တာ၊

ဒါပဲ ... ဘာသိချင်သေးလဲ"

လို့ ပြောလိုက်တဲ့အခါ ဒေါ်လေးရဲ့အကြည့်က ဖျတ်ခ

သူမဆီ ရောက်လာတယ်။

အံ့ဩဟန်၊ ဒေါ်သထွက်ဟန်၊ မကျေနပ်ဟန်တွေနဲ့ သူ

ကို စူးစူးရဲရဲ ကြည့်နေတယ်။

သူမလည်း ဒေါ်လေး ဒေါ်သထွက်မှန်းသိလို့ ကြော

ပြီး ခေါင်းငုံ့နေမိတယ်။

ဒေါ်လေးက ဒေါ်သကို မျိုသိပ်လိုက်ဟန်နဲ့ ဆရာမ

ကြည့်ပြီး ...

"ခုလို မိချမ်းအကြောင်းပြောပြလို့
ကျေးဇူးတင်ပါတယ် တီချာရယ်၊
ဒါပေမဲ့ ... နောက်ဆုံးအနေနဲ့
သူ့ကို ကျောင်းတော့ မထုတ်ပါနဲ့ရှင်၊
မိမိုးတို့ ... နောက် ဒီလိုမဖြစ်အောင်
ဆုံးမပါ့မယ်ရှင်၊
ခွင့်လွှတ်ပေးပါ တီချာရယ် ...
နော်"
လို့ တောင်းပန်တိုးလျှိုးလိုက်တယ်။
"အေး ... ကောင်းပြီ၊
ဒါပေမဲ့ ... ဒီမှာ
နောင် မဖြစ်စေရပါဘူးဆိုတဲ့
အုပ်ထိန်းသူရဲ့ကတိနဲ့
လက်မှတ်ထိုးပေးပါ၊
ဒါပဲ ... ဒီနေ့တော့ သူ့ကို ပြန်ခေါ်သွား၊

ကောင်းကောင်းဆုံးမပေးပါ မိမိုး၊

နင့်အမေမျက်နှာကြောင့် ငါ

သည်းခံလိုက်တာ မမေ့နဲ့၊

လက်မှတ်ထိုးပြီး သွားကြတော့"

□□□

# အပိုင်း (၉)

**ကျောင်းထဲက** ထွက်လာတော့ ဒေါ်လေးမိမိုးက

သူမကို ဖိုက်ခေါက်လိမ်ဆွဲရင်း ...

"နင် အတော့်ကို ဆိုးနေပါလား

မိချမ်း၊ ကျောင်းစာကို စိတ်မဝင်စားဘဲ

ကိုယ်နဲ့မဆိုင်တဲ့ဟာကို ဘာလို့

စိတ်ဝင်စားနေရတာလဲဟင်၊

အေး ... အိမ်ကျမှ နင့်ကို

အမေနဲ့ တိုင်ရမယ်၊

နင် အဆော်ခံရဖို့သာ ပြင်ထားပေတော့"

လို့ ဒေါသထွက်ဟန်နဲ့ တဖျစ်တောက်တောက် ရေရွတ်နေတယ်။

မိချမ်းကတော့ ဗိုက်ခေါက်ဆွဲခံရလို့ ဗိုက်ကြောနာခြင်းလုံးဝမဖြို။

သူမရဲ့မျက်လုံးတွေက ကျောင်းရှေ့ ဈေးသည်ကြီးရဲ့ ဗန်းတွေကိုသာ ရောက်နေတယ်။

သူမ ဒေါ်လေးလက်က ပြေးထွက်ရင်း ဈေးဗန်းရှေ့ရောက်သွားတယ်။

ရေခဲမုန့်ပုံနဲ့ ဘူးရှည်ရှည်လေးတစ်ခုကို ကိုင်ကြည့်ရင်း အရမ်းလိုချင်သွားတယ်။

"ကလေး ... ဒါက အထဲမှာ

ချောကလက်တွေ ပါတယ်၊

ပြီးတော့ ... ရေခဲမုန့်ပုံစံ

ခဲဖျက်လေးလည်း ပါတယ်လေ၊

အဲဒီခဲဖျက်လေးက ခဲတံရဲ့ထိပ်မှာလည်း

စွပ်ထားလို့ရတယ် ကလေးရဲ့ ...

ယူမလားဟင်"

ဈေးသည်မိန်းမကြီးရဲ့စကားကြောင့် သူမဟာ ရေခဲမုန့်ပုံ ခဲဖျက်လေးကို သိပ်လိုချင်သွားမိတယ်။

ဒါ့ကြောင့် ဒေါ်လေးကို လှမ်းဆွဲရင်း ...

"ဒေါ်လေး ... မိချမ်း ဒါ လိုချင်တယ်၊

ဝယ်ပေးပါနော် ဒေါ်လေး ...

ဝယ်ပေးပါနော်"

လို့ ပူဆာလိုက်တယ်။

ဒေါ်လေးက မျက်နှာမသာမယာနဲ့ ဈေးသည်ကို လှမ်း

မေးလိုက်တယ်။

"ဒေါ်ကြီး ... အဲဒါက ဘယ်ဈေးရှိလဲ၊

ဘယ်လောက်လဲ"

ဈေးသည်ကြီးက ရွှင်မြူးဟန်နဲ့ မုန့်ဘူးလေးကို လှမ်းပေးရင်း ...

"အို ... ဈေးမများပါဘူး တူမရယ်၊

ဒီမုန့်က ယိုးဒယားက ဝင်လာတာလေ၊

ရေခဲမုန့်ပုံ ခဲဖျက်နဲ့ ချောကလက်လုံးတွေလည်း

ပါတယ်၊

ဈေးက ဆယ့်သုံးကျပ်တည်းပါ တူမရဲ့"

လို့ ပြောလာတယ်။

ဈေးသည်ကြီးရဲ့စကားကြောင့် ချောကလက်ဘူးကို လှမ်းယူဖို့ပြင်လိုက်တဲ့ ဒေါ်လေးမိမိုးရဲ့လက်တွေ တွန့်သွားတယ်။

မျက်နှာမသာမယာနဲ့ ဈေးသည်ကြီးကို လက်ကာပြ

လိုက်ရင်း ...

"အ ... အချိန်မရှိလို့ ဒေါ်ကြီးရယ်၊

နောက်နေ့မှ ယူတော့မယ်နော် ...

လာ ... လာ မိချမ်း ...

အပြန်နောက်ကျနေပြီ

မေကြီး ဆူလိမ့်မယ်"

လို့ ပြောဆိုပြီး တူမဖြစ်သူရဲ့လက်ကို ဆွဲခေါ်ထွက်ခဲ့တော့တယ်။

အပြန်လမ်းတစ်လျှောက် အလိုမကျတဲ့ မိချမ်းတစ်ယောက် ပေါက်ကွဲပြီး ...

"အီး ... ဟီး ... ဟီး ...

ဒေါ်လေး မတရားဘူး၊

သူများလိုချင်တာ ဝယ်မပေးဘူး၊

ဟီး ... ဟီး ... ဟီး ... ဟီး ...

ဒေါ်လေး အူပုပ်မကြီး ... အူပုပ်မကြီး၊

ဟီး ... ဟီး ... ဟီး"

လို့ ငယ်သံပါအောင် ငိုယိုရင်း အဒေါ်ဖြစ်သူရဲ့ ထဘီစ ... ဆောင့်ဆွဲပြီး ပြန်ခဲ့ရှာတယ်။

အိမ်ရောက်တော့ အဒေါ်ရဲ့ပေါက်ကွဲမှု အကြီးအကျယ် ဖြစ်သွားတယ်။

"အမေ ... အမေ စဉ်းစားကြည့်စမ်းပါ၊

အမေ့မြေးလေ ... သမီးကို

တစ်နေ့တည်း နှစ်ကြိမ် အရှက်ခွဲတ...

အတန်းပိုင် ခေါ်တွေ့တာက ...

အမေ့မြေးက ဘာသာရပ်တိုင်းမှာ

အောင်မှတ် (၄၀) ရတယ်၊

သင်္ချာမှာ (၁) မှတ်ပဲ ရတယ် ... သိလား၊

ဘယ်လောက်ရှက်ဖို့ကောင်းသလဲဟင်"

အော်ကြီးဟစ်ကျယ်ပြောလိုက်တဲ့ သမီးဖြစ်သူရဲ့အပြော ... ကြောင့် ဘွားအေကြီး ဒေါ်ခင်သက်ရဲ့မျက်နှာ ရှုံ့မဲ့နေရာက

မျက်နှာထားတင်းသွားတယ်။

"အို အေ ... ဘာသာအားလုံး အောင်မှတ်ရပြီး

သင်္ချာမှာ (၁) မှတ်ပဲ ရတာ၊

ငါ့မြေးက ညံ့လို့မှ မဟုတ်တာ၊

သူ့ကို ငါ ယုံတယ်၊

ဒါ ... ဟိုဘက်အိမ်က ကောင်မတွေ

ကလေးကို စာကြည့်ချိန်မပေးဘဲ

အလုပ်တွေခိုင်းလို့ပဲ ဖြစ်ရမယ်၊

မိကျေးအိုးပေါ့ မြမေဆိုတဲ့ဟာမ ...

ငါ့မြေး အမှတ်မကောင်းတာ နင့်ကြောင့်၊

ခင်သက်အကြောင်း သိကြသေးတာပေါ့"

မိခင်ရဲ့အပြုအမူကြောင့် မိမိုးတစ်ယောက် စိတ်ရှုပ်ထွေး

သွားရတယ်။

"ဟုတ်ပါပြီ အမေရယ်၊

အမေ မကျေနပ်ရင်

နောက်မှ ရန်သွားတွေ့ပါ၊
သမီး စိတ်တိုတာက
သူ့ အမှတ်မကောင်းလို့ မဟုတ်ဘူး၊
အရုက်ဖြန်းဖြန်းကွဲလာလို့ အမေရဲ့”
ဒေါ်ခင်သက်တစ်ယောက် မျက်မှောင်ကြုတ်သွားရင်း
“ဟော ... ဘယ်လိုအရုက်ကွဲတာလဲ
သမီး ... ပြောစမ်း”
လို့ မေးလိုက်တယ်။
“ဒီလို အမေရဲ့ ... ကျောင်းထဲက အထွက်
ဈေးသည်ဗန်းမှာ ရေခဲမုန့်ခဲဖျက်ပါတဲ့
ချောကလက် စားချင်တယ်ဆိုပြီး
အမေ့မြေး ဂျီတိုက်တယ်လေ၊
သမီးမှာက ငွေငါးကျပ်ပဲ
ပါသွားတာ အမေရဲ့၊
အဲဒီချောကလက်က ...

ငွေတစ်ဆယ်ကျော်တောင် ရှိတာ၊

ဒါကို မဝယ်ပေးရမလားဆိုပြီး မိချမ်းလေ

သမီးကို တစ်လမ်းလုံး အူပုပ်မကြီးလို့

ပြောတယ်၊ ပြီးတော့ ...

ထဘီစကိုလည်း ဆောင့်ဆွဲတယ်

အမေရဲ့၊ ဒါထက်ဆိုးတာက

လူကြားမကောင်းအောင် ကျောင်းကနေ

အိမ်ထိ အော်ငိုလာတာ၊

လမ်းကလူတွေအမြင်မှာ သမီးကပဲ

လူကြမ်းပေါ့၊

ကလေးလိုချင်တာ ဝယ်မပေးဘူးဆိုပြီး

ဘယ်လောက်ရှက်ဖို့ကောင်းသလဲ

အမေရဲ့၊ တော်ပြီ ...

နောက် သူနဲ့ ဘယ်မှမသွားတော့ဘူး၊

အရှက်ကွဲတယ်”

"အိုအေ ... သူက ကလေးပဲ၊
သူစားချင်လို့ ပူဆာတာ ဘာဖြစ်လဲ၊
နင်သာ သူနဲ့ အပြင်သွားရင်
ငွေကို လုံလောက်အောင်ယူသွား ...
ကြားလား"

❑ ❑ ❑

# အပိုင်း (၁၀)

ညသန်းခေါင်အချိန် ...

ဆွဲဆွဲငင်ငင်အူလိုက်တဲ့ ခွေးအူသံအောက်မှာ

...န်းလျှားတစ်ခုလုံး အိပ်မောကျနေကြတယ်။

ထိုနေ့ညက ... လကွယ်ညဖြစ်တာကြောင့် ပတ်ဝန်း

...ကျင်တစ်ခွင်မှာ အမှောင်ထုက ကြီးစိုးနေတယ်။

ထိုအချိန်မှာပဲ တိတ်ဆိတ်မှု၊ မှောင်မိုက်မှုနဲ့အတူ အား
လုံးရဲ့အိပ်စက်ခြင်းကို လှုပ်နှိုးလိုက်တဲ့ ကြောက်မက်ဖွယ်အသံ
ကြီးတွေကို အထင်အရှားကြားလိုက်ရတယ်။

"ကယ်ကြပါ ... ကျုပ်ကို ကယ်ကြပါ၊
ကျုပ်အပေါ် ပိနေတဲ့ အုတ်တွေကို
ဖယ်ပေးကြပါ၊
ကယ်ကြပါ ... ကယ်ကြပါဦး"

"အမေရေ ... ကျွန်တော့်ကို ကယ်ပါဦးဗျ၊
ကျွန်တော့်ဗိုက်မှာ မှန်ကွဲစကြီး
စိုက်ဝင်နေပြီ၊
နာတယ် အမေရဲ့၊ အမေရေ ...
အမေ ဘယ်မှာလဲ ...
ဟီး ... ဟီး ... ဟီး ... ဟီး"

"ကယ်ကြပါဦးရှင် ... သွပ်မိုးပြားတွေ
လည်ပင်းကို ပိနေလို့ပါ၊

ကယ်ကြပါ ... အား ... အား"

ဆိုတဲ့ ကမ္ဘာပျက်မတတ် ငရဲကျသည့်အလား အသံတွေ

အတိုင်းသား ကြားလိုက်ရတယ်။

ထိုအသံတွေကြောင့် တန်းလျားရှိ လူအားလုံး ငယ်ထိပ်

...းဆောင့်မတတ် ထိတ်လန့်သွားကုန်တယ်။

"ဟာ ... ဘာသံတွေလဲ၊

ဘယ်သူတွေ အော်ဟစ်နေတာလဲကွ"

"ဒါ ... ဒါ ...

တိုက်ပျက်ကြီးက အသံတွေပဲဟေ့၊

ငါ ... ငါတို့ တစ္ဆေခြောက်ခံရပြီ ထင်တယ်၊

လုပ်ကြပါဦးဟ"

"ချစ်တီးတိုက်ပျက်ကြီးက တစ္ဆေသံတွေ

ကြားနေရတယ်၊ ဘာလုပ်ကြမလဲ၊

တစ္ဆေတွေ ငါတို့ တန်းလျားပေါ်

တက်လာရင် ဘယ်လိုလုပ်မလဲ၊

ငါတို့ ဆင်းပြေးမှဖြစ်မယ်၊
ကျန်တဲ့လူတွေကို သတိပေးလိုက်ရအောင်ဟေ့”
တန်းလျားရှိ အခန်းအားလုံး နံရံတွေကို ထုရိုက်ရင်း
အော်ပြေးဆင်းဖို့ နိုးဆော်လိုက်တယ်။

“ဟဲ့ ... အသံတွေ အရမ်းဆူနေပါလား၊
အော်ပြေးဆင်းကြ ... ဆိုတဲ့
နံရံထု ပြောသံတွေလည်း ကြားနေရတယ်၊
ဘာဖြစ်မှန်းတော့ မသိဘူး၊
ဟဲ့ ... ထကြစမ်း ... အောက်ဆင်းရမယ်”

ဒေါ်မြမေရဲ့အော်သံကြောင့် အဒေါ်သုံးယောက်နဲ့ မိခ
ပျာယီးပျာယာနဲ့ သစ်သားလှေကားအတိုင်း ပြေးဆင်းခဲ့တ
အောက်ရောက်တဲ့အခါမှာတော့ ...

“နားထောင်စမ်းဟေ့ ... အော်ဟစ်သံတွေက
လုံးဝမရပ်သွားဘူး၊
ငါတို့ ဘာလုပ်ကြမလဲ၊

ချစ်တီးတိုက်ဆီ သွားကြည့်ကြမလားဟေ့"

တစ်ယောက်ရဲ့အမေးကို ကျန်လူတွေက လုံးဝ ထောက်ခံဘဲ ...

"ဒါ ... မဖြစ်နိုင်ဘူးဗျ၊

ကျုပ်တို့ လုပ်သင့်တာကို လုပ်ရမယ်၊

ကျုပ်တို့ လုပ်သင့်တာ ...

ဥက္ကဋ္ဌဖြစ်တဲ့ ကော်စီလူကြီးဆီ

အမြန်ဆုံး အကြောင်းကြားရမယ်၊

လာကြဗျာ ... ကောင်စီလူကြီးဆီ

အမြန်သွားကြမယ်"

ထိုလူရဲ့အပြောကို လူအားလုံး ဝိုင်းထောက်ခံပြီး ဥက္ကဋ္ဌ ထံဘက် ချီတက်သွားကုန်တယ်။

ဟိုရောက်တော့ ဥက္ကဋ္ဌကို အကျိုးအကြောင်းပြောပြီး ရန်မီးသတ်တပ်ဖွဲ့နဲ့အတူ ချစ်တီးတိုက်ပြိုရာသို့ သုတ်ခြေ တင်ခဲ့ကြပြန်တယ်။

ထိုနေရာရောက်တဲ့အခါ အော်ဟစ်သံတွေ တိတ်ဆိတ်နေသလို အုတ်အကျိုးအကြေတွေကလွဲရင် ဘာမှမတွေ့ရဘူး။

ဥက္ကဋ္ဌ ဦးမောင်မောင်နဲ့အဖွဲ့ ချစ်တီးတိုက်ပြိုရာဒ္ဌအပိုင်းအစအားလုံးကို လိုက်လံကြည့်ရှုစစ်ဆေးနေတယ်။

ပြီးတဲ့အခါ ...

“[illegible]ခံမှလည်း မကြားရဘူး၊

ဘယ်သူမှလည်း မရှိဘူးကွ၊

ခင်ဗျားတို့ ကြားရတာ

သေချာရဲ့လားဗျာ”

ဥက္ကဋ္ဌဦးမောင်မောင်ရဲ့အမေးကြောင့် တန်းလျားနေလူထုက ...

“သိပ်သေချာတာပေါ့ ဥက္ကဋ္ဌကြီးရယ်၊

ကျုပ်တို့တန်းလျားဆိုတာက ...

မိသားစုနှစ်ဆယ် ရှိတာဗျ၊

အားလုံး နားနဲ့ ဆတ်ဆတ်ကြားကြတာဗျ၊

ကျုပ်တို့မလိမ်ဘူး၊

အိပ်ကောင်းတဲ့အချိန်ကြီးလေဗျာ၊

ဒါ ... နောက်ပြောင်စရာအကြောင်းမှ

မဟုတ်တာဘဲဗျ"

လို့ ပြောလိုက်တဲ့အခါ ဥက္ကဋ္ဌဦးမောင်မောင်က ...

"ကဲ ထားပါလေ ... ခင်ဗျားတို့အားလုံး

ကျုပ်နဲ့ ကောင်စီရုံးထဲ လိုက်ခဲ့ကြပါ၊

ဟိုရောက်မှ ဆက်ပြောကြတာပေါ့"

လို့ ပြောလိုက်တော့တယ်။

□□□

# အပိုင်း (၁၁)

" ဘာ၃ . . . ကျုပ်ရဲ့ရှေ့မှာရှိနေတဲ့

လူအားလုံးကို ကျုပ် ပြောပြမယ်၊

ချစ်တီးတိုက်ကြီး ပြိုကျတဲ့အချိန်

သက်ဆိုင်ရာနဲ့ ကယ်ဆယ်ရေးလုပ်တဲ့အခါမှာ

သွေးသံတရဲရဲနဲ့ ရုပ်ပျက်ဆင်းပျက်
သေဆုံးနေတဲ့ အလောင်းတွေပဲ
တွေ့ခဲ့ရတယ်၊
လ.ဝ.က အကူအညီနဲ့ လူဦးရေစစ်တမ်းလည်း
ကောက်ခဲ့ပါတယ်၊
ခရီးထွက်နေတဲ့ လူတွေကလွဲရင်
ချစ်တီးတိုက်မှာ နေထိုင်တဲ့ လူအားလုံး
ကြမ္မာဆိုးသင့်ခဲ့ရတယ်၊
တချို့ဆိုရင် ရေချိုးရင်း
ဝတ်လစ်စလစ်နဲ့ သေဆုံးကြတယ်၊
ခန္ဓာကိုယ်အပိုင်းပိုင်းပြတ်ပြီး သေဆုံးသူတွေ့,
ထိတ်လန့်မှုကြောင့် နှလုံးရပ်ပြီး
သေဆုံးရတဲ့ လူကြီးပိုင်းတွေ ...
ဒီလိုအဖြစ်ဆိုးကြီးနဲ့ ချစ်တီးတိုက်မှာ
နေထိုင်သူတွေဟာ ...

အစိမ်းသေ သေဆုံးခဲ့ကြရှာတယ်၊

ဒီတော့ ... သူတို့အားလုံးအတွက်

ရဟန်းသံဃာတွေ ပင့်ဖိတ်ပြီး

ရွတ်ဖတ်သရဇ္ဈာယ်ပေးမှ ရတော့မယ်၊

မနက်ကျရင် ကျုပ်ကိုယ်တိုင်

ဆရာတော်ကြီးဆီ သွားလျှောက်ပေးမယ်၊

ခင်ဗျားတို့အားလုံး စိတ်အေးလက်အေးနဲ့

အိမ်ပြန်ကြပါ ... ဒါပါပဲ"

ဥက္ကဋ္ဌဦးမောင်မောင်ရဲ့စကားဆုံးတဲ့အခါ တန်းလျားနေ လူတွေဟာ အသီးသီး လှည့်ပြန်ခဲ့ကြတယ်။

၎င်းတို့ တန်းလျားရှေ့ရောက်တဲ့အခါမှာတော့ ...

"အား" ... ခနဲ အော်လိုက်တဲ့ အသံနက်ကြီးကို ကြား လိုက်ရတယ်။

လူအားလုံး ခေါင်းမွေးထောင်မတတ် လန့်သွားပြီး အသံလာရာကို ကြည့်လိုက်ကြတယ်။

"အား ... ကယ်ကြပါဦးဗျ၊

သရဲ ... သရဲခြောက်တယ်"

အော်ဟစ်ရင်း အူယားဖားယား ပြေးလာတဲ့ လူတစ်ယောက် ...

ထိုလူက ငှင်းတို့ရှိရာ ပြေးလာပြီး လူအုပ်ထဲ ဝင်တိုးလိုက်တယ်။

"ဟေ ... သံလုံးပါလား၊

မင်း ဘာဖြစ်လာတာလဲကွ"

အဘိုးကြီးတစ်ယောက်ရဲ့အမေးကို သံလုံးက မျက်လုံးပြူးမျက်ဆန်ပြူးနဲ့ ...

"ကျုပ် ... ကျုပ် ... ကို တစ္ဆေခြောက်လိုက်တယ်၊

ဟို ... ဟို ... သံလမ်းဘေးက ...

ချစ်တီးတိုက်ပျက်ကြီးမှာဗျ၊

သိပ် ... သိပ်ကြောက်ဖို့ကောင်းတယ်"

လို့ ကတုန်ကယင်ပြောလိုက်တဲ့အခါ လူအားလုံး ရင်

သိတ်ခနဲ့ တုန်သွားကြတယ်။

"ဘယ် ... ဘယ်လို ...
အခြောက်ခံရတာလဲ"
"ကျုပ်က ဟိုဘက်ရပ်ကွက်မှာ
နာရေးရှိလို့ သွားကူတာဗျ၊
ခုနကမှ ပြန်လာတာ၊
ချစ်တီးတိုက်ရှေ့ရောက်တော့ ...
အမှောင်ထဲမှာ ဆေးလိပ်ဖွာနေတဲ့
လူတစ်ယောက်ကို တွေ့လိုက်ရတယ်၊
ကျုပ်လည်း ခံတွင်းချဉ်လို့
ဆေးပေါ့လိပ် သောက်ချင်တာနဲ့
သူ့နားကပ်ပြီး မီးတစ်တို့ သွားတောင်းမိတယ်၊
အဲ ... အဲဒီမှာပဲ ...
ကျောခိုင်းထားတဲ့ လူက
ကျုပ်ဘက်ကို ခေါင်းလှည့်လာတယ်၊

ကြည့်လိုက်တော့ ...

သွေးအလိမ်းလိမ်းပေနေတဲ့ ခေါင်းပြတ်ကြီးဗျ၊

ကျုပ်လည်း ကြောက်လွန်းလို့

အော်ဟစ်ပြီး ထွက်ပြေးလာတာပဲ၊

သိပ်ကြောက်ဖို့ကောင်းတယ်ဗျာ”

သံလုံးရဲ့အပြောကြောင့် လူအားလုံး ကြက်သီးဖျန်းဖျန်း ထသွားကုန်တယ်။

ဒီအချိန်မှာပဲ ...

အူး ... အူး ... အူး ... အူး ...

ဆိုတဲ့ ခွေးအူသံဆိုးကြီးကို ကြားလိုက်ရတယ်။

“ဟာ ... ခွေးတွေ အူပြန်ပြီဟေ့၊

ဒါဟာ ... မကောင်းဆိုးဝါးမြံနေလို့ပဲ

ဖြစ်ရမယ်၊

အားလုံး ကိုယ့်အခန်းကိုယ်

အမြန်ပြန်ကြဟေ့”

လူကြီးတစ်ပိုင်းရဲ့ဆော်ဩမှုကြောင့် လူအားလုံး အလျင်အမြန် ပြေးတက်ကုန်ကြတယ်။

□□□

# အပိုင်း (၁၂)

“မိချမ်း ... ထ ... ထ ...

ထပါဦး”

နားထဲတိုးဝင်လာတဲ့အသံကြောင့် မိချမ်း မျက်လုံးပွင့်

သွားတယ်။

"ဟင် ... အမိနှာ ... နင်ကဟာ၊

ငါ အိပ်လို့ကောင်းနေတုန်း နှိုးရလားဟ၊

ဘာလာလုပ်တာလဲ"

အမိနှာက ခြင်းထောင်ပြင်မှာ ကျုံ့ကျုံ့လေးထိုင်ရင်း သူမကို ငေးစိုက်ကြည့်နေတယ်။

"ရွှတ်ကီးတို့ ခေါ်ခိုင်းလို့ ငါ လာခေါ်တာပါ၊

နင့်ကို ပေးစရာရှိတယ်၊

ငါနဲ့ လိုက်ခဲ့ပါ"

အမိနှာရဲ့အပြောကြောင့် သူမ အိပ်ချင်စိတ်နဲ့ ခေါင်းကုတ်ဖွလိုက်မိတယ်။

"အာ ... ငါ အရမ်းအိပ်ချင်နေတယ်ဟ၊

ပေးစရာရှိလည်း နောက်နေ့မှ ပေးဟာ၊

မနက်ကျူရှင် ရှိတယ်ဟ၊

ငါ ကျူရှင်မှာ အိပ်ငိုက်နေလိမ့်မယ်"

သွား ... သွား"

အမိနာရဲ့လက်က ခြင်ထောင်ထဲရောက်လာပြီး သူမရဲ့
ံးကို တင်းကျပ်စွာ ဆုပ်ကိုင်လာတယ်။

လူကောင်သေးသလောက် အားပြင်းလွန်းတဲ့ လက်
ကြောင့် သူမ အရမ်းနာကျင်သွားရတယ်။

"အား ... နာတယ်၊ နာတယ်၊

လွှတ် ... လွှတ်စမ်း အမိနာ ...

လွှတ် ... လွှတ်"

သူမ မျက်လုံးစုံမှိတ်ပြီး အော်ပစ်လိုက်တယ်။

"ဟဲ့ ... ဟဲ့ ... မိချမ်း ...

ဘာဖြစ်တာလဲ"

အဒေါ်ငယ်ရဲ့အသံကြောင့် သူမ ဆတ်ခနဲ ထထိုင်လိုက်
တယ်။

ခြင်ထောင်ကို ဆွဲလှန်ပြီး ကြည့်လိုက်တော့ အမိနာ
ရှိတော့ဘူး။

"ဟဲ့ ... မေးနေတယ်လေ ...

နင် ဘာဖြစ်တာလဲ”

အဒေါ်ငယ်ရဲ့အမေးကြောင့် မိချမ်းက ...

“မိချမ်း အိပ်ပျော်နေတာ ...

အမိနာလေ ပခုံးကို လာကိုင်တာ

သိပ်နာတယ် ဒေါ်ငယ်ရဲ့၊

ခု ... သူ ဘယ်ပျောက်သွားလဲမသိဘူး”

လို့ ဖြေလိုက်တဲ့အခါ အဒေါ်ငယ်တစ်ယောက် မျက်မှောင်ကြုတ်သွားတယ်။

“ဘယ်က အမိနာလဲ မိချမ်း၊

ဟိုမှာ နင် မမြင်ဘူးလား၊

အိမ်တံခါး ပိတ်ထားတဲ့ဟာ၊

နင် အရူးထပြီး အိပ်မက်

မက်တာပဲ ဖြစ်ရမယ်၊

ပြန်အိပ်တော့ ... မိုးလင်းတော့မယ်”

အိပ်ရေးပျက်သွားတဲ့ အဒေါ်ငယ်က စိတ်မရှည်ဟန်

...အော်ပေါက်ပြောလိုက်တယ်။

သူမဟာ လက်က နာကျင်မှုကို ကျိတ်ခံရင်း အိပ်ပျော်...ကြိုးစားလိုက်မိတယ်။

ဒါပေမဲ့ ... ဟိုဘက် ဒီဘက်လှည့်ရင်း မိုးလင်းတဲ့အထိ ...အိပ်မရတော့ဘူး။

ငါးနာရီထိုးတော့ အဘွားမြမေရဲ့ဘုရားရှိခိုးသံ၊ ဆွမ်း...သံတွေကို ကြားလိုက်ရတယ်။

အမျှဝေတဲ့အခါ ချစ်တီးတိုက်ကြီးမှာ သေဆုံးကုန်တဲ့ ...တွေကိုပါ ထည့်ပြီး အမျှဝေတဲ့အတွက် သူမ အံ့ဩသွားရ...ယ်။

မိချမ်းဟာ အိပ်ရာထဲက ထွက်ပြီး မျက်နှာသစ် ရေချိုး...က်တယ်။

အဝတ်လဲနေစဉ်မှာပဲ အဘွားမြမေ တွေ့သွားပြီး ...

"ဟဲ့ ... ကြားသားမိုးကြိုးတော်

စောစောစီးစီး နိုးလို့ပါလား"

လို့ တအံ့တသြ ရေရွတ်လိုက်တယ်။

"ဟုတ်တယ် အဘွားရဲ့ တစ်ခါတလေ ...

စောစောထကြည့်တာပါ၊

ဒါနဲ့ ခုနက အဘွား ... အမျှဝေ မေတ္တာပို့တာလေ

ချစ်တီးတိုက်မှာ သေတဲ့လူတွေကို

ဘာလို့ထည့်ပို့တာလဲဟင်"

"မိချမ်း ... ညည်းဟာလေ

ဗုဒ္ဓဘာသာဖြစ်ပြီး ဒါလေးတောင် မသိဘူးလား၊

ချစ်တီးတိုက်ပြိုကျတုန်းက ...

ဘယ်သူမှ အသက်မရှင်ဘူးအေ့၊

အားလုံး မကျွတ်မလွတ်ဘဝနဲ့

အစိမ်းသေ သေကြရတာ၊

ဒါကြောင့် ... သူတို့အတွက်

မေတ္တာပို့ အမျှဝေပေးရတာ၊

ကိုယ်ပို့လိုက်တဲ့ မေတ္တာ၊

ကိုယ် အမျှဝေလို့ သာဓုခေါ်နိုင်တဲ့သူ၊

ကိုယ်နဲ့ ကံစပ်လို့

အများထဲမှာမှ တစ်ယောက်တလေ

ကျွတ်လွတ်သွားရင်လည်း ကုသိုလ်ပဲအေ့ ...

မှတ်ထားစမ်း"

ဘွားအေကြီးရဲ့အပြောကြောင့် မိချမ်း တွေခနဲ ဖြစ်သွားတယ်။

"ဟင့်အင်း ... အဘွားပြောတာ လွဲနေပြီ၊

ချစ်တီးတိုက်ပြိုလို့ လူအားလုံး မသေပါဘူး၊

မိချမ်းရဲ့သူငယ်ချင်းတွေ အသက်ရှင်ပါတယ်

အဘွားရဲ့"

ဘွားအေကြီးက ရင်ဘတ်ဖိရင်း အံ့အားသင့်ဟန်နဲ့ ...

"ဘာ ... နင့်သူငယ်ချင်းတွေ

အသက်ရှင်တယ် ... ဟုတ်လား၊

ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စပဲအေ၊

မိချမ်း ... စောစောစီးစီး
ငါ့ကို ပေါက်ကရတွေ မပြောနဲ့၊
သွားတော့ ကျူရှင်ကို ... သွားစမ်း"
လို့ ပြောလိုက်တော့တယ်။
"တကယ်ပြောတာနော်၊
အဘွားမယုံလည်း မသိတော့ဘူး၊
ကျူရှင်သွားပြီ ... ဒါပဲ"
သူမ ... ပွစိပွစိရေရွတ်ရင်း ကျူရှင်ထွက်ခဲ့လိုက်တယ်။
"အမေ ... မိချမ်းနဲ့ ဘာတွေပြောနေတာလဲ၊
ကောင်းကောင်းကိုမအိပ်ရဘူး အမေရာ၊
ညကလည်း သန်းခေါင်ကျော်
ကောင်စီရုံးသွားရလို့ အိပ်ရမလား
မှတ်တယ် ... မိချမ်းလေ
အိပ်မက်မက်ပြီး လျှောက်အော်တာ
စိတ်ပျက်တယ် ... တကယ်ပဲ"

"ဒါဆို … ညတည်းက မိချမ်း
မွေ့နေတာပေါ့၊ ခုလည်း …
ငါ့ကို မဟုတ်တာတွေ
လျှောက်ပြောသွားတယ်လေ၊
ချစ်တီးတိုက်ပြိုတုန်းက …
ဘယ်သူမှ အသက်မရှင်တာ
အားလုံးအသိပဲအေ့၊ ဒါကို …
သူ့သူငယ်ချင်းတွေ မသေဘူးလို့
ပြောတယ်၊
ပြီးတော့ … ဘွားအေကို
ပွစိပွစိရွတ်ပြီး ထွက်သွားလို့
ငါ စိတ်တိုနေတာအေ့"

မိခင်ရဲ့စကားကြားတဲ့အခါ အငယ်မတစ်ယောက် စဉ်းစားလိုက်ပြီး …

"ဟင် … အမေ့ကို ဒီလိုပြောသွားပြန်ပြီလား၊

ညကလည်း ... သူယောင်ပြီး

ထအော်တော့ သမီး မေးတဲ့အခါ

ဘာပြောတယ်မှတ်လဲ၊

အမိနာ သူ့ကို လာဆွဲတယ်တဲ့

အမေရဲ့”

လို့ ပြောလိုက်တယ်။

“ဟဲ့ ... အမိနာဆိုတဲ့ ကလေးမက

ချစ်တီးတိုက်မှာနေတာပဲ၊

သူ့အမေက ညောင်ပင်အောက်မှာ

တိုရှည်ရောင်းတယ်လေ”

“ဟုတ်တယ် အမေ ...

အမိနာက တိုရှည်သည်ကြီးရဲ့ သမီးပဲ၊

သူတို့တစ်မိသားစုလုံး

တိုက်ပြိုတဲ့ သေစာရင်းမှာ

ပါခဲ့ကြတယ်”

ဒေါ်မြမေတစ်ယောက် မျက်နှာမသာမယာ ဖြစ်သွားရှာ
ဘယ်။

"အင်း ... ဒီအတိုင်းဆို မိချမ်းကို
ဂရုစိုက်ကြည့်နေမှ ရတော့မယ်၊
ငါ စိုးရိမ်တဲ့အတိုင်း စိတ်ပူသလိုမျိုး
မဖြစ်စေဖို့ ဆုတောင်းရမှာပေါ့အေ"

❒❒❒

# အပိုင်း (၁၃)

မနက်ဖြန်နှစ်နာရီခန့်အချိန်မှာတော့ . . .

ရပ်ကွက်ရှိ လူငယ်တွေဟာ ချစ်တီးကိုက်ကြီးရှေ့

ဘုရားလားထိုင်များ၊ စားပွဲများ ပြင်ဆင်နေကြတယ်။

ကောင်စီဥက္ကဋ္ဌဦးမောင်မောင်က လိုအပ်သည်များ လိုက်

လံကြည့်ရှုနေတယ်။

"ရှစ်နှာရီဆို ဆရာတော်ကြီးတွေ
ကြွမှာပေါ့၊ သေသေသပ်သပ်နဲ့
အမြန်ဆုံး ပြင်ဆင်ကြပေါ့"

ဥက္ကဋ္ဌကြီး ဆော်သြနေစဉ်မှာပဲ တန်းလျားရှိ လူကြီးပိုင်းများ ရောက်ရှိလာကြတယ်။

"ကျုပ်တို့ ဘာများ ဝိုင်းကူရမလဲ
ဥက္ကဋ္ဌ"

သက်ကြီးရွယ်အိုတွေရဲ့အမေးကို ဥက္ကဋ္ဌက လက်ကာပြလိုက်တယ်။

"မလိုပါဘူး ဘိုးလေးဘဆွေရယ်၊
လူငယ်တွေကူလို့ အားလုံး
ပြီးသလောက်ဖြစ်နေပါပြီ၊
တရားနာဖို့ လာကြတာမဟုတ်လား၊
ဟိုမှာ ဖျာတွေ အသင့်ခင်းထားတယ်ဗျ၊

သက်သောင့်သက်သာ နားကြပါဗျာ၊

ဆရာတော်ကြီးလည်း ကြွလာတော့မှာဗျ"

ဒီအချိန်မှာပဲ ဆရာတော်ကြီးကို ပင့်လာတဲ့ကား ရောက်

ရှိလာတယ်။

ဆရာတော်ကြီး ဦးဆောင်တဲ့ ပင့်သံဃာဆယ်ပါးဟာ

ကားပေါ်က ဆင်းပြီး ခုံအသီးသီးမှာ သီတင်းသုံးကြတယ်။

တရားနာလာ ပရိသတ်နဲ့ဥက္ကဋ္ဌဟာ ဆရာတော်တွေကို

ဦးချဝတ်ပြုလိုက်ကြတယ်။

ဆရာတော်ကြီးက တိုက်ပြိုရာ အုတ်ပုံကြီးကို ကြည့်ရင်း

"မွေးဖွားပုံ မတူပေမယ့် ...

တစ်ချိန်တည်း, တစ်နေရာတည်းမှာ

ကြမ္မာဆိုးက အားလုံးအပေါ်

ထပ်တူကျသွားရာတယ်၊

တရားသဘောနဲ့ ရှုရင်တော့

ဖြစ်ပျက်ပါပဲ၊

---

အနိစ္စ … ဒုက္ခ … အနတ္တ”

လို့ ရေရွတ်လိုက်တယ်။

ဒီနောက်မှာတော့ ဆရာတော်ဘုရားကြီးဦးဆောင်တဲ့ သံဃာတွေဟာ ဘုရားပင့်၊ နတ်ပင့်တွေကို စတင်ရွတ်ဆိုပြီး ကမ္မဝါစာကို ရွတ်ဖတ်သရဇ္ဈာယ်တော့တယ်။

အချိန်ကြာမြင့်စွာ ရွတ်ဖတ်ပြီးတဲ့အခါ ကမ္မဝါစာဖတ်ခြင်း ပြီးဆုံးသွားတယ်။

မေတ္တာပို့ အမျှဝေပြီးချိန်မှာတော့ …

“ဟီး … ဟီး … ဟီး … ဟီး

ဟင့် … ဟင့် … ဟင့် … ဟင့်”

တိတ်ဆိတ်မှုကို ဖောက်ထွက်လာတဲ့ ငိုညည်းသံကြောင့် လူအားလုံး မှင်တက်သွားကုန်တယ်။

ငွေတိုးချေးစားတဲ့ အပျိုကြီး ဒေါ်တရုတ်မ၊

တစ်ကိုယ်လုံး ယိမ်းယိုင်ရင်း ငိုကြွေးနေရှာတယ်။

“ဟဲ့ … ဒကာမကြီး …

သင်က ဘယ်သူတုန်းကွဲ့၊
ဘာကြောင့် ငိုကြွေးနေသလဲ"
ဆရာတော်ကြီးက အပျိုကြီးကို လက်ညှိုးထိုးမေးလိုက်ဘယ်။

အပျိုကြီးက နတ်ဝင်သည်လို ယိမ်းထိုးနေရာက ငိုသံကြီးနဲ့ ...

"ခွင့် ... ခွင့်လွှတ်ပါ အရှင်ဘုရား၊
ကျွန်မ ... ကျွန်မ နှောင့်ယှက်ဖို့လာတာ
မဟုတ်ရပါဘူး၊
ဟင့် ... ဟင့် ... ဟင့်"
"အိမ်း ... ကောင်းပြီ ဒကာမ၊
သင့်ရဲ့ဆန္ဒကို ပြောပါ"
"ဒီလိုပါ အရှင်ဘုရား၊
တိုက်ပြိုချိန်မှာ ကျွန်မတို့အားလုံး
မရှုမလှသေဆုံးရပေမယ့် ...

ကျွန်မရဲ့သားလေးက ...

နယ်က သူ့အဒေါ်အိမ်

ရောက်နေပါတယ် ဘုရား၊

သားလေးကို ချစ်တဲ့စိတ်၊

ဖွဲ့လမ်းတဲ့စိတ်တွေကြောင့် ...

ကျွန်မ ကျွတ်လွတ်ဖို့ နှောင့်နှေးရပါတယ်

ဘုရား၊ ဒါကြောင့် ...

သားလေးကိုယ်တိုင် ကျွန်မတို့ ဘုရားကျောင်းမှာ

ဆုတောင်းပြီး ကောင်းမှုပြုပေးပါလို့

မှာပါရစေ အရှင်ဘုရား၊

ကူညီပါဘုရား ...

ဟင့် ... ဟင့် ... ဟင့် ... ဟင့်"

ဆရာတော်ကြီးက စိတ်မကောင်းဟန်နဲ့ကြည့်ရင်း ခေါင်းညိတ်လိုက်တယ်။

"ကောင်းပြီ ဒကာမ ဘောဘီ၊

ဒကာမကြီးရဲ့ဆန္ဒကို

ဥက္ကဋ္ဌကတစ်ဆင့် ဒကာလေး

ဂျမန်းကို စုံစမ်းပြီး ဖြည့်ဆည်းပေးမယ်ကွဲ့

ကဲ ... ကဲ ... ဘုန်းကြီးတို့ ပြုသမျှ

ကိုသိုလ်အားလုံးကို သိရှိပြီး

သာဓုခေါ်နိုင်ပါစေ၊

လွတ်ရာကျွတ်ရာ ရောက်ရှိနိုင်ပါစေကွယ်"

ဆရာတော်ကြီးက ထိုသို့မိန့်ရင်း အမျှဝေပေးတယ်။

တရားနာလူအပေါင်းဟာလည်း သာဓုသုံးကြိမ် ရွတ်ဆို ပေးတယ်။

ဒီအခါမှ အပျိုကြီးက ထိုင်လျက်က ဘေးကို လဲကျ သွားတယ်။

"ဟဲ့ တရုတ်မ ... သတိထားလေ ...

တရုတ်မ"

အဘွားကြီးတချို့ရဲ့ လှုပ်နှိုးမှုကြောင့် အပျိုကြီးတရုတ်မ

သတိပြန်ဝင်လာတယ်။

ဥက္ကဋ္ဌကြီးက လက်အုပ်ချီရင်း ...

"ဆရာတော်ဘုရား ... တပည့်တော်

မအေဘီကို သိပါတယ် ဘုရား၊

သူတို့က ဟိန္ဒူဘာသာဝင်တွေပါ

ဘုရား၊ သူ့သား ဂျမန်းက

စဘူးလေးတွေ လုပ်ရောင်းပါတယ် ဘုရား၊

အင်မတန် စိတ်ကောင်းရှိတဲ့

သားအမိပါ ဘုရား၊

ဆရာတော် စိတ်မပူပါနဲ့ ဘုရား၊

တပည့်တော် ဂျမန်းဆီ အကြောင်းကြားပြီး

သူ့ဆန္ဒကို ဖြည့်ဆည်းပေးပါ့မယ် ဘုရား"

လို့ လျှောက်တင်လိုက်တော့တယ်။

□□□

# အပိုင်း (၁၄)

''မိချမ်း ...ဒီကိုလာဦး''

ကျောင်းက ပြန်ရောက်ရောက်ချင်း ဘွားအေကြီးဒေါ်မြ ရဲ့အသံကြောင့် လွယ်အိတ်ချပြီး သွားလိုက်တယ်။

"ရော့ ... ဒါကို နင့်လည်ပင်းမှာ ဆွဲထားလိုက်"

သူမဟာ အဖြူရောင်ကြိုးလေးကို လှမ်းယူရင်း ...

"ဒါက ပရိတ်ကြိုးပဲ အဘွားရဲ့၊

ဘာလို့ဆွဲခိုင်းတာလဲဟင်"

လို့ မေးလိုက်တယ်။

"ပရိတ်ကြိုးဆိုမှတော့ အန္တရာယ်ကင်းဖို့ပေါ့အေ့၊

ဒီနေ့ ... ဆရာတော်ကြီး ပေးလိုက်တာ၊

ပရိတ်ကြိုးဆွဲထားရင် ထဘီတန်းအောက်တို့၊

ဘာတို့ မဝင်ရဘူးနော် ... ကြားလား"

"ဟုတ်ကဲ့ပါ အဘွားရဲ့၊

မဝင်ပါဘူး ... စိတ်ချ"

မိချမ်းက ထိုသို့ပြောရင်း ပရိတ်ချည်ကြိုးကို ဆွဲလိုက်တယ်။

"အရင်ဆို ပရိတ်ကြိုးက ...

နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်မှ ရတာပဲ၊

သကြန်ကျဖို့လည်း လိုသေးတယ်၊

ဘာလို့ အစောကြီး

ပရိတ်ကြိုးပေးလဲ မသိဘူး”

အတွေးနဲ့အတူ ထမင်းစားစားပွဲဆီ လျှောက်သွားပြီး

အုပ်ဆောင်းကို လှန်လိုက်တယ်။

“အာပါး ... ခရမ်းသီးနှပ်နဲ့ငါးဆုပ်ဟင်းပါလား၊

ငါ့အကြိုက် တလိုင်းချက်လေး ချက်ထားတယ်၊

မိုက်တယ်ဟေ့ ... အပီလွေးပြီ”

သူမ ထမင်းအမြန်ခူးပြီး အားပါးတရ စားသောက်လိုက်

တယ်။

ထမင်းတစ်ပန်းကန် ကုန်သွားချိန်မှာ ဗိုက်က မဝသေး

ဘူး။

ဒါကြောင့် နောက်တစ်ပန်းကန်ထည့်ပြီး ထပ်စားလိုက်

တယ်။

ဒီအချိန်မှာပဲ အဒေါ်ကြီး အနားရောက်လာပြီး ...

“အောင်မလေးတော် ...

အားလုံးစားဖို့ ညနေစာဟင်းတွေ

နှစ်လုံးပဲ ကျန်တော့တယ်၊

ငါးဆုပ်လုံးတွေ ကုန်ပါပြီတော်၊

ဟဲ့ ... မိချမ်း ... နင် အလိုက်ကန်းဆိုး

မသိဘူးလားဟင်၊

တစ်ယောက်တည်း အကုန်စားပစ်ရသလား"

လို့ မိုးမီလောင်မတတ် အော်ဟစ်လိုက်တယ်။

အဒေါ်ကြီးရဲ့အော်သံကြောင့် သူမ ထမင်းနင်မတတ်

သန့်သွားရှာတယ်။

ထမင်းပန်းကန်ကိုင်ရင်း မျက်လုံးပြူးလေးနဲ့ ...

"ဟို ... ဟို ... ဗိုက်တအားဆာလို့

စားမိတာပါ ဒေါ်ကြီးရယ်၊

စိတ်မဆိုးပါနဲ့နော်"

လို့ တောင်းပန်တိုးလျှိုးလိုက်တယ်။

"မိချမ်း ... ငါ အားလုံးကြားတယ်၊

နင်ဟာလေ တစ်ခုမဟုတ်တစ်ခု

မွှေတဲ့ ကလေးဆိုးပဲ၊

နင်မိဘကလည်း ငွေပို့တယ်ဆိုတာ

လမှန်တာမဟုတ်ဘူး၊

ငါတို့ ရှိတာလေးနဲ့

လောက်အောင်စားရတာဟဲ့၊

အားလုံးစားမယ့် ဟင်းကို

တစ်ယောက်တည်း စားပစ်တာ

သိပ်လွန်နေပြီ၊ လာခဲ့စမ်း”

ဘွားအကြီးဒေါ်မြမေက မိချမ်းကိုဆွဲပြီး ကြိမ်လုံးနဲ့ တဖျန်းဖျန်း ရိုက်လိုက်တယ်။

သူမဟာ ထမင်းပန်းကန်ကိုင်ရင်း ရှန်းလိုက်တယ်။

“အီး ... ကြောက်ပါပြီ အဘွားရဲ့၊

မရိုက်ပါနဲ့ ... မရိုက်ပါနဲ့နော်၊

ဟီး ... ဟီး ... ဟီး”

ဘွားအေကြီးရဲ့ကြိမ်ဒဏ်ကြောင့် မခံနိုင်တဲ့အဆုံးမှာ တော့ သူမဟာ ထမင်းပန်းကန်ကို လွှတ်ချပြီး အိမ်အောက်ဆင်း ပြေးတော့တယ်။

မျက်ရည်တွေ၊ နှပ်တွေ ရောပွမ်းနေတဲ့ မျက်နှာကြီးကို လက်ခုံနဲ့ သုတ်လိုက်ရင်း ...

"ဟီး ... သူတို့ မတရားဘူး၊

ထမင်းလေး ဆာလို့ စားမိတာကို

ပုံကြီးချဲ့တယ်၊ အီး ... ဟီး ... ဟီး"

သူမဟာ ပလက်ဖောင်းတစ်လျှောက် လျှောက်သွားရင်း ငိုနေရှာတယ်။

လျှောက်ရင်း ခြေညောင်းလာတဲ့အတွက် ညောင်ပင်ကြီး တစ်ပင်အောက်က သစ်သားတန်းလျားလေးမှာ ဝင်ထိုင်လိုက် တယ်။

□□□

# အပိုင်း (၁၅)

**ပတ်ဝန်းကျင်တစ်ခုလုံး** . . . အမှောင်ကြီးစိုးတဲ့ ညအချိန် ရောက်သွားချေပြီ။

မိချမ်းတစ်ယောက် ညောင်ပင်ကြီးအောက်ထိုင်ရင်း ရှိုက် ခံနေဆဲ။

ဒီအချိန်မှာပဲ သူမရှေ့ အရိပ်ကြီးတွေကို တွေ့လိုက်ရတယ်။

ခေါင်းမော့ကြည့်လိုက်တဲ့အခါမှာတော့ ...

ရွှတ်ကီး၊ အမိနာနဲ့ ဘီဂျေးကို တွေ့လိုက်ရတယ်။

သူမ ငိုနေလို့ ထင်ပါရဲ့ ... သူတို့သုံးယောက်လုံးရဲ့ မျက်နှာ မကောင်းရှာဘူး။

"ငါ စိတ်ညစ်တယ်ဟာ၊

အဲဒီ သိပ်ဆိုးတဲ့ အဘွားအိမ်မှာ

မနေချင်ဘူး၊

နင်တို့က ဘယ်လိုရောက်လာကြတာလဲ"

သူမ ရှိုက်သံလေးနဲ့ မေးလိုက်တယ်။

ဘီဂျေးက သူမမျက်နှာကို စူးစိုက်ကြည့်ရင်း ...

"ဟိုနေ့က အမိနာ နင့်ကို လာခေါ်တာ

ဘာလို့မလိုက်ခဲ့တာလဲ၊

ငါတို့က နင့်ကို ပေးစရာရှိလို့"

လို့ အေးတိအေးစက်အသံနဲ့ ပြောလာတယ်။

သူမ မျက်ရည်တွေ သုတ်လိုက်ရင်း ...

"ဟဲ့ ... အချိန်မတော်ကြီးလေ၊

ငါက ဘယ်လိုထွက်လို့ရမှာလေ၊

ခုတောင် ငါ့ကို ရိုက်လို့

ထွက်ပြေးလာတာဟ၊

နင်တို့က ငါ့ကို ဘာပေးမလို့လဲ"

လို့ မေးလိုက်တယ်။

အမိနာက သူမရဲ့လက်ကို လှမ်းဆွဲရင်း ...

"လာ ... ငါတို့နောက် လိုက်ခဲ့"

မိချမ်းဟာ ခုံတန်းပေါ်က ဆင်းပြီး အမိနာတို့နောက် လိုက်သွားမိတယ်။

၎င်းတို့က သူ့ကို ချစ်တီးတိုက်ပြိုကျရာ ခေါ်ဆောင်သွားကြတယ်။

မှောင်မည်းမည်းညကြီးမှာ မိချမ်းဟာ အုတ်ပုံ၊ အုတ်

ကြားတွေထဲ တရွေ့ရွေ့ တိုးဝင်သွားတယ်။

ချစ်တီးတိုက်ပြိုရာနေရာရဲ့ အနောက်ပိုင်း (နောက်ဖေး ပိုင်း) ရောက်တော့ တစ်ဖက်စက်ရုံကြီးရဲ့အုတ်တံတိုင်းသာ တွေ့ ရတယ်။

"ဟဲ့ ... နင်တို့ ဘယ်ခေါ်လာတာလဲ၊

အုတ်တံတိုင်းကြီးပဲ ရှိတော့တယ်"

သူမ ဆက်မသွားဘဲ ပြောရင်း ရပ်နေလိုက်တယ်။

ရွှတ်ကီးက အုတ်တံတိုင်းနား လျှောက်သွားပြီး မြေကြီး ထဲက အရာတစ်ခုကို နှိုက်ယူလိုက်တယ်။

ပြီးတော့ ... သူမ,ရှိရာ ပြန်လျှောက်လာတယ်။

"ရော့ ... ဒါကို ငါတို့ နင့်ကို ပေးချင်တယ်"

ညစ်တစ်တစ်ပိတ်စနဲ့ထုပ်ထားတဲ့ ညောင်ရေအိုးလောက် ရှိတဲ့ အထုပ်တစ်ထုပ်။

သူမ အထုပ်ကိုကြည့်ရင်း ...

"နင်တို့ဟာက ဘာထုပ်ကြီးလဲဟ၊

ညစ်ပတ်နေတာပဲ၊ ငါ မလိုချင်ဘူး"

လို့ ငြင်းဆန်လိုက်တယ်။

"ဟုတ်တယ်၊ အပြင်ကတော့ ညစ်ပေနေတယ်၊

ဒါပေမဲ့ ... တန်ဖိုးရှိတယ်၊

ငါတို့ သွားရတော့မယ်၊

နင့်အတွက် နောက်ဆုံးလက်ဆောင်ပါ ...

ယူပါ"

ရွှတ်ကီးရဲ့စကားကို ကျန်နှစ်ယောက်ကပါ ထောက်ခံကြတယ်။

သူမဟာ ညစ်ပေနေတဲ့အထုပ်ကြီးကို ယောင်ယမ်း လှမ်းယူရင်း ...

"ဟဲ့ ... နင်တို့က ဘယ်သွားကြမလို့လဲ၊

နင်တို့သွားရင် ငါလည်း လိုက်ခဲ့မယ်၊

ဟိုအိမ်မှာ မနေချင်ဘူးဟ"

လို့ ပြောလိုက်တယ်။

ထိုသုံးယောက်ဟာ နှုတ်ဆိတ်နေရင်း ချစ်တီးတိုက်ပြို ရာရဲ့ အရှေ့ဘက်ကို တရွေ့ရွေ့ သွားနေကြတယ်။

“ငါမေးတာ ဖြေဦးလေဟာ၊

နင်တို့ ဘာဖြစ်နေကြတာလဲ”

သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်တယ်။

ရွှတ်ကီးက ဆို့နင့်ကြေကွဲဟန်နဲ့ ...

“ငါတို့လေးယောက်ဟာ ...

သူငယ်တန်းအရွယ်တည်းက

အတူတူ ဆော့ခဲ့ကြတယ်၊

ငါတို့မှာ စားစရာမရှိရင်လည်း ...

နင်မုန့်ဖိုးထဲက ဖဲ့ကျွေးခဲ့တယ်၊

တစ်လျှောက်လုံး ကောင်းခဲ့တဲ့ နင့်ကို

ငါတို့က လက်ဆောင်ပြန်ပေးတာပါ၊

ဟောဒီညစ်ပေနေတဲ့ အထုပ်ကြီးက

နင့်အတွက်ပဲ မိချမ်း"

"ဟုတ်ပါပြီ ရွှတ်ကီးရယ်၊

နင်တို့ပေးတဲ့ လက်ဆောင်ကို

ငါလက်ခံပါ့မယ်၊

ဒါပေမဲ့ ... ငါ့ကို နင်တို့နဲ့အတူ

ခေါ်သွားပါဟာ ... နော်"

ဒီအခါမှာ ဘီဂျေးက ဝင်ပြီး ...

"နင် ငါတို့နဲ့ လိုက်လို့မရဘူး မိချမ်း၊

ငါတို့သုံးယောက်လုံးက ...

ကုသိုလ် အ,ကုသိုလ် အကျိုးအရ

တစ်ယောက်တစ်လမ်းဆီ သွားရတော့မှာ၊

ဒီလိုသွားဖို့အတွက်လည်း ...

မနက်က နင်တို့ဆရာတော်တွေ

လာပြီး ရွှတ်ဆိုသွားတယ်၊

ညနေပိုင်းမှာ ငါတို့ရဲ့ဟိန္ဒူဘိုးတော်ကြီးတွေ

လာပြီး ငါတို့အတွက် ရွတ်ဆိုမှု

ဆုတောင်းပွဲ လုပ်ပေးသွားတယ်၊

ငါတို့ပြန်သွားရတော့မှာ၊

နင့်ကို နှုတ်ဆက်ချင်လို့

တို့သုံးယောက် နေခဲ့တာပဲ

ချစ်မြီး”

လို့ ပြောလာတယ်။

သူတို့စကားကြောင့် မိချမ်းတစ်ယောက် အံ့အားသင့်သွားသလို မျက်လုံးပြူးသွားမိတယ်။

“ဒါ ... ဒါဆို ... နင်တို့က

လူမဟုတ်တော့ဘူးပေါ့”

“ဟုတ်တယ် မိချမ်း၊

ငါတို့နဲ့နင်က ဘဝခြားသွားပြီဟ၊

ငါတို့က မကျွတ်မလွတ်တဲ့ သရဲတွေပါ၊

အခု ... ငါတို့ သွားတော့မယ်”

အမိနာက ထိုသို့ပြောရင်း သူမကို ကျောခိုင်းလိုက်တယ်။

ရွှတ်ကီးနဲ့ဘီဂျေးကပါ ကျောခိုင်းလိုက်ရင်း ...

"နှုတ်ဆက်ခဲ့ပါတယ် မိချမ်း၊

ငါတို့ သွားပြီဟာ"

လို့ ရေရွတ်လိုက်ကြတယ်။

မိချမ်းဟာ သူငယ်ချင်းတွေအတွက် ဝမ်းနည်းစိတ်နဲ့ အတူ မျက်ရည်ပေါက်ပေါက်ကျမိတယ်။

သူမရဲ့မျက်လုံးရှေ့မှာပဲ သူငယ်ချင်းသုံးယောက်ဟာ တဖြည်းဖြည်း အမှောင်ထုကြီးထဲ တိုးဝင်သွားသလို မြင်တွေ့နေရတယ်။

အမှောင်ထုကြီးက တဖြည်းဖြည်း အခိုးအငွေ့မည်းတွေ ပြောင်းသွားချိန်မှာတော့ ရွှတ်ကီး၊ အမိနာနဲ့ ဘီဂျေးတို့ရဲ့ပုံရိပ်တွေက လုံးဝပျောက်ကွယ်သွားတော့တယ်။

မိချမ်းတစ်ယောက် ပလက်ဖောင်းပေါ်ထိုင်ချရင်း အား

ပါးတရ ငိုကြွေးလိုက်မိတယ်။

သူမဟာ ငိုရှိုက်ရင်း လက်မှာပိုက်ထားတဲ့ အထုပ်ဆီ အကြည့်ရောက်သွားတယ်။

အချစ်ဆုံးသူငယ်ချင်းများရဲ့ နောက်ဆုံးလက်ဆောင်။

သူမ တုန်ယင်တဲ့လက်နဲ့ အထုပ်ကို ဖြည်လိုက်မိတယ်။

ဖြတ်သွားတဲ့ ကားမီးရောင်ကြောင့် အထုပ်ဖြည်လိုက်စဉ်မှာ သူမ မျက်လုံးထဲ ကျိန်းသွားသလို ခံစားလိုက်ရတယ်။

ညစ်ပေနေတဲ့ အဝတ်စရဲ့အထဲမှာတော့ ရွှေဝါရောင် ဒင်္ဂါးပြားတွေ ...

အံ့အားသင့်စိတ်နဲ့အတူ ဝမ်းနည်းကြေကွဲစိတ်က လှိုက်တက်လာတယ်။

"ရွှတ်ကီး ... အမိနာ ... ဘီကျေးတို့ရေ ...

ငါ မုန့်ဖိုးထဲက ဖဲ့ကျွေးခဲ့တဲ့ကျေးဇူးကို

ငါ့ကို ရွှေဒင်္ဂါးတွေနဲ့ ပြန်ဆပ်လိုက်ပြီပေါ့၊

ငါ့အတွက် နင်တို့ပဲ လိုအပ်ပါတယ်ဟာ ...

အီး ... ဟီး ... ဟီး ... ဟီး"

သူမ အချိန်ကြာမြင့်စွာ ငိုကြွေးနေမိတယ်။

"မဟုတ်သေးဘူး ... ငိုနေရုံနဲ့ မပြီးဘူး၊

သူတို့အတွက် ငါ ပြန်လုပ်ပေးရမယ်၊

ဒီရွှေဒင်္ဂါးတွေကို သုံးပုံ ပုံရမယ်၊

တစ်ပုံက ဟိန္ဒူဘုရားကျောင်းအတွက်၊

ကျန်တစ်ပုံက ...

တန်ခိုးကြီးဘုရားမှာ လှူပေးရမယ်၊

နောက်ဆုံးအပုံကို ...

ဘုရားကျောင်းကန်အတွက် လှူရမယ်၊

ဟုတ်တယ် ... ဒါမှ ချစ်တီးတိုက်ပြိုရာမှာ

သေဆုံးခဲ့တဲ့ ငါ့သူငယ်ချင်းတွေ

ကောင်းရာဘုံ ရောက်မှာ"

စိတ်ဆုံးဖြတ်ချက်နဲ့အတူ မျက်ရည်တွေ သုတ်ပစ်ရင်း

-ဘ်တတ်ထရပ်လိုက်တယ်။

သူမဟာ ညစ်ပေနေတဲ့ အဝတ်နဲ့ ထုပ်ထားတဲ့ ရွှေဒင်္ဂါးထုပ်ကို ပိုက်ရင်း ချစ်တီးတိုက်ပြိုရာနေရာက ထွက်ခွာခဲ့တယ်။

သူမရဲ့ခြေလှမ်းက အဘွားဒေါ်ခင်သက်ရဲ့အိမ် ဦးတည်လိုက်တယ်။

အဘွားနဲ့ တိုင်ပင်ပြီး သူငယ်ချင်းသုံးယောက်အတွက် ကောင်းမှုပြုရပေမည်။

ချစ်တီးတိုက်ပြိုကျခြင်းကြောင့် အစိမ်းသေ သေဆုံးခဲ့ကြတဲ့ သူငယ်ချင်းသုံးယောက် ကောင်းရာမွန်ရာ ရောက်ပါစေလို့ မိချမ်းတစ်ယောက် ဆုတောင်းနေမိတော့တယ်။

□ □ □

"ချစ်တီးတိုက်"

မအိုစာ